# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်း ကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၂၁၈)


## သတင်းထုတ်ပြန်ချက်

# မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်သည် ၎င်းတို့၏ လွတ်လပ်သော ဆန္ဒသဘောထားများဖြင့် ဆန္ဒမဲပေးခဲ့ကြပြီး ပြည်သူများက ရွေးချယ်ခဲ့သည့် လွှတ်တော်နှင့် လွှတ်တော်က ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတဦးဆောင်သော အစိုးရတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထိုစဉ်အာဏာရအစိုးရက မဲမသမာမှုများကို ဆိုးရွားစွာပြုလုပ်ခဲ့ကြပြီး အဆိုပါရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း နိုင်ငံရေးပါတီများနှင့် ပြည်သူများက တောင်းဆိုမှုအရ စိစစ်စုံစမ်းခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ ၃၈ ဒသမ ၂ သန်းကျော်အနက် မဲမသမာမှု ၁၁ ဒသမ ၃ သန်း ကျော်ပေါ်ပေါက်ခဲ့ကြောင်း သိသာထင်ရှားစွာ စိစစ်တွေ့ရှိခဲ့သဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ မသမာသောနည်းလမ်းများအသုံးပြု၍ အာဏာရယူလိုသည့် တာဝန်ရှိသူများတွင် အဂတိအမှုနှင့် အခြားသောပြစ်မှုတို့ကို ကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သဖြင့် တရားဥပဒေနှင့်အညီ တရားရုံးက ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအသစ်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ကျင်းပခဲ့ရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အာဆီယံနိုင်ငံအများစုက နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် အနည်းငယ်သောနိုင်ငံများက မြန်မာအစိုးရအပေါ် ကန့်သတ်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းများကို ဆက်လက်ပြုလုပ်ရန် ကြိုးပမ်းနေပြီး အာဆီယံပဋိညာဉ်စာတမ်း အခန်း(၁)၊ အပိုဒ်(၂)ပါ အခြေခံမူများကို ဖောက်ဖျက်၍ အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဝေဖန်ပြောဆိုခြင်း၊

စာမျက်နှာ ၄ ကော်လံ ၁ ➲

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၀

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အနောက်တောင်ပိုင်းတွင် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ယနေ့ မိုးလေဝသ (၁၁-၅-၂၀၂၆)

**နေပြည်တော်**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## အမြင့်ဆုံး နေ့အပူချိန်များ (၁၀-၅-၂၀၂၆)

| | |
|---|---|
| ကော့ကရိတ်မြို့ | ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ပြည်မြို့ | ၃၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| ကြို့ပင်ကောက်မြို့ | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီမြို့ | ၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်းမြို့ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ဇလွန်မြို့ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |

# အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နွေသီးနှံစိုက် တောင်သူများအား ကွင်းသရုပ်ပြပွဲ မြစ်သားမြို့နယ်၌ ကျင်းပ

မြစ်သား မေ ၁၀

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ်၌ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး ဦးစီးဌာန ရုံးဝင်းအတွင်းရှိ နွေသီးနှံ (စပါး၊ နှမ်း၊ ပဲတီစိမ်း၊ ဝါ) စိုက်ပျိုးတောင်သူများအား လက်တွေ့ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြစ်သားမြို့နယ် စိုက်ပျိုးရေး

စာမျက်နှာ ၅ ကော်လံ ၃ ❖



## ယနေ့ ဗတ်စရာ

### ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန် စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲကျင်းပ

ပြည်တွင်းသတင်း စာ ၃



### နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်ကို အားကောင်းစေမည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွား

ဆောင်းပါး စာ ၆

### ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲ နောက်ဆုံးနေ့ လေ့လာကြည့်ရှုသူများ အထူးစည်ကား

ပြည်တွင်းသတင်း စာ ၉

### မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုမှသည် နိုင်ငံ့စီးပွားတိုးတက်ရေးဆီသို့

သတင်းဆောင်းပါး စာ ၁၀

# ပြင်ပ ပယောဂနှင့် နောက်ကွယ်မှ အာဂျင်ဒါ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲက မြန်မာပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိစေခဲ့သည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ၁၃ ဒသမ ၁၃ သန်းကျော်တို့က လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြခြင်းဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် ၅၄ ရာခိုင်နှုန်းကျော်ရှိသည်။

ရွေးကောက်ပွဲကို ပြည်တွင်းပြည်ပလေ့လာစောင့်ကြည့်သူများ၊ ပြည်တွင်းပြည်ပမီဒီယာများ လာရောက်လေ့လာစောင့်ကြည့် သတင်းရယူခဲ့ကြပြီး ရွေးကောက်ပွဲ၏ လွတ်လပ်မှု၊ တရားမျှတမှု၊ စနစ်တကျရှိမှု၊ မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွမှု စသည်တို့အပေါ် အသိအမှတ်ပြုခဲ့ကြသည်။ အဆိုပါရွေးကောက်ပွဲတွင် ပြည်သူလူထုက လွတ်လပ်၍ တက်ကြွစွာလာရောက်မဲပေးခဲ့ကြခြင်းက နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီဆိုင်ရာ အခွင့်အရေးတို့ကို ဥပဒေနှင့်အညီ ရရှိရေးစသည့် လိုအင်ဆန္ဒများကို ဖော်ဆောင်နိုင်ရေးအတွက်ဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြီးနောက် လွှတ်တော်များနှင့် အစိုးရအဖွဲ့တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း အချိန်ဇယားကိုက်ညီစွာ ပေါ်ထွန်းလာခဲ့ရာ ပြည်သူက ရွေးချယ်ခဲ့သည့် လွှတ်တော်နှင့် လွှတ်တော်က ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတ ဦးဆောင်သော အစိုးရတစ်ရပ် ပေါ်ထွန်းလာခြင်းပင်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှ ထွက်ပေါ်လာသောရလဒ်သည် ထိုစဉ်က အာဏာရပါတီနှင့် ၎င်းပါတီကို ထောက်ခံသူများအဖို့ ကျေနပ်အားရဖွယ်ဖြစ်သော်လည်း အခြားပါတီများနှင့် အခြားပါတီထောက်ခံသူများအဖို့မူ မကျေနပ်စရာများစွာတို့ ရှိနေခဲ့သည်။ အမှန်တကယ်လည်း မဲမသမာမှုပေါင်း ၁၁ ဒသမ ၃ သန်းကျော် ပေါ်ပေါက်ခဲ့ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရသည်။ ဖြစ်ပေါ်လာသည့် နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြု၍ ဆန္ဒပြပွဲများမှသည် အဓိကရုဏ်းများ၊ ဆူပူသောင်းကျန်းမှုများမှသည် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းမှုများအထိ ဖြစ်ပေါ်လာခဲ့သည်။ ယင်းသို့ဖြစ်စေရန် ဦးဆောင်သူများ၊ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများ၊ အထောက်အပံ့ပြုသူများ၊ အကြမ်းဖက်တိုက်ခိုက်သူများမှာ အာဏာကို မသမာသည့်နည်းဖြင့်ရယူရန် ကြိုးပမ်းခဲ့သည့် ပါတီနှင့် ယင်းပါတီကို အစွန်းရောက်ထောက်ခံသူများ၊ ၎င်းတို့၏ လှည့်ဖြားစည်းရုံးခံရသူများဖြစ်ပြီး လက်ရှိအခြေအနေမှာ လွန်ခဲ့သည့် ငါးနှစ်က အခြေအနေနှင့် လွန်စွာ ကွာခြားသွားခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး ထိုအချိန်ကပင် စတင်ကာ တာဝန်ယူမှုရှိသော အဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံ၏တာဝန်ဝတ္တရားများကို ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သော ငါးနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းရေးကိစ္စအချို့နှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင် နိုင်ငံအချို့က မြန်မာအစိုးရအပေါ် ကန့်သတ်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းများ ပြုလုပ်ခဲ့ရာ စင်စစ်အားဖြင့် ယင်းလုပ်ရပ်များသည် အာဆီယံပဋိညာဉ်နှင့် ကိုက်ညီခြင်းမရှိသော လုပ်ရပ်များပင်ဖြစ်သည်။ မျက်မှောက်ကာလ ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား ပထဝီနိုင်ငံရေးအားပြိုင်မှုတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့အတွင်း ပြင်ပ ပယောဂ ဝင်ရောက်နေသည့် သက်သေပြယုဂ်တစ်ခုလည်းဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံး၍ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာသော နိုင်ငံဖြစ်သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ မြန်မာပြည်သူများ၏ ဆန္ဒမဲပေးရွေးချယ်တင်မြှောက်မှုမှတစ်ဆင့် ဒီမိုကရေစီနည်းလမ်းတကျ ပေါ်ပေါက်လာသည့် အစိုးရသစ်နှင့်ပတ်သက်၍ အပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများပြုလုပ်နေခြင်း၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဝေဖန်ပြောဆိုမှုများ၊ ဖိအားပေးမှုများ ပြုလုပ်နေခြင်း စသည်တို့က မဲဆန္ဒရှင် မြန်မာပြည်သူတို့၏ ဆန္ဒသဘောထားကို လျစ်လျူရှုထားခြင်းဖြစ်သည်။ ထို့အပြင် အာဆီယံအဖွဲ့ကြီး၏ ပဋိညာဉ်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်၍ ၎င်းတို့၏ အာဂျင်ဒါများအတိုင်း အာဆီယံ ပလက်ဖောင်းပေါ်မှနေ၍ အကောင်အထည်ဖော်နေခြင်းလည်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြု၍ ထောက်ခံကူညီပေးသည့် အာဆီယံနိုင်ငံအများစုရှိသကဲ့သို့ မိတ်ဆွေနိုင်ငံများလည်း များစွာရှိနေသည်။ မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေများနှင့်အညီ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားများဖြစ်ထွန်းရေး၊ အကျိုးစီးပွားများ ကာကွယ်ရေးတို့ကို အစိုးရနှင့်ပြည်သူတို့ အတူတကွ လက်တွဲကာ ကြိုးပမ်းဖော်ဆောင်သွားကြမည်ဖြစ်သည့် အကြောင်း။ ။



**၁၀ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၂၀၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၅ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၀၀ | ၄၆၉၀ | ၄၆၃၀ | ၄၅၂၀ | ၄၆၉၀ | ၄၇၀၅ | ၄၇၅၅ | ၄၆၀၀ | ၄၇၅၅ | ၅၀၇၀ | ၄၆၂၀ | ၄၈၀၅ | ၄၇၂၅ | ၄၆၀၀ | ၄၆၀၀ | ၄၈၉၀ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၈၅ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၅၀၅၀ | ၅၂၃၀ | ၅၁၇၀ | ၅၀၆၅ | ၅၂၃၀ | ၅၂၄၀ | ၅၂၈၀ | ၅၁၄၅ | - | ၅၀၉၅ | ၅၁၆၅ | ၅၆၁၅ | ၅၂၆၅ | ၅၂၂၀ | ၅၂၂၀ | ၅၄၂၀ |
| HSD (50 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | ၆၃၂၀ | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၈၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |
| HSD (10 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၈၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၆၉ | ၄၃၈၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၈၁၅ | ၄၉၄၁ |
| HSD (50 ppm) | ၅၇၈၉ | ၅၉၃၄ |
| HSD (10 ppm) | ၅၇၈၉ | ၅၉၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲကျင်းပ

**ညောင်ရွှေ မေ ၁၀**

၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ကလောခရိုင် ညောင်ရွှေမြို့နယ် ခေါင်တိုင်အင်းလေးလူရည်ချွန်စခန်း မြက်ခင်းပြင်၌ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ဒသမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ လူရည်ချွန်မောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်နှင့် တာဝန်ရှိသူများအား Crystal trophyနှင့် တိုင်းရင်းသားရိုးရာ ဝတ်စုံ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် လူရည်ချွန်မောင်မယ်များကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ညောင်ရွှေမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ လေးများက လည်းကောင်း၊ ကချင်ပြည်နယ် လူရည်ချွန်မောင်မယ်များက ဂျိန်းဖောအက၊ ရှမ်းပြည်နယ်မှ



လူရည်ချွန်မောင်မယ်များက ၂၀၁၉ ခုနှစ် တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲတော် သီချင်းပြိုင်ပွဲ ပထမဆုရသီချင်းတို့ဖြင့်လည်းကောင်း ကပြဖျော်ဖြေကာ ဒေသခံအဆိုတော်များက တေးသီချင်းများဖြင့် ဩဘာဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**





# ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ)နှင့် ကောဒသမတန်းလူရည်ချွန်စခန်း(ငွေဆောင်) စခန်းသိမ်း မီးပုံပွဲအခမ်းအနားကျင်းပ

**ပုသိမ် မေ ၁၀**

၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း (ချောင်းသာ) နှင့် ကောဒသမတန်း လူရည်ချွန် စခန်း(ငွေဆောင်) စခန်းသိမ်း မီးပုံ ပွဲအခမ်းအနားကို ယမန်နေ့ညပိုင်း က အဆိုပါစခန်းများတွင် ကျင်းပ ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်း ထွန်းနှင့်ဇနီး၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်မြို့ရှိ နယ်မြေခံလေတပ် စခန်းဌာနချုပ်မှ တာဝန်ရှိသူနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့် ဇနီးများ၊ လူရည်ချွန်မောင် မယ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆင့် မြင့်ပညာအဆင့် လူရည်ချွန် စခန်း(ချောင်းသာ)၌ အမှာစကား ပြောကြားပြီး လူရည်ချွန်မောင်မယ် များ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှု အားပေးသည်။

ထို့နောက် ကောဒသမတန်း လူရည်ချွန်စခန်း (ငွေဆောင်) စခန်းအောင်ပွဲသို့ တက်ရောက် ပြီး အမှာစကားပြောကြားကာ လူရည်ချွန် မောင်မယ်များနှင့် ညစာအတူတကွ သုံးဆောင်ကြ သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ်းခြေမီးပုံပွဲအား မီးညှိဖွင့်လှစ် ပေးပြီး လူရည်ချွန်မောင်မယ်များ နှင့်အတူ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့သည်။

၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာ အဆင့် (ချောင်းသာ)စခန်းနှင့် ကောဒသမတန်း (ငွေဆောင်) စခန်းတို့မှ လူရည်ချွန်မောင်မယ် များသည် လေ့လာရေးခရီးစဉ် ပြီးဆုံးသဖြင့် အပြန်ခရီးစဉ်တွင် မအူပင်ခရိုင် ပန်းတနော်မြို့နယ် အတွင်းရှိ Global Earth Agro & Aqua Industry Public Company Limited သို့ဝင်ရောက်၍ ငါးနှင့် ပတ်သက်သော စားသောက်ကုန် ပစ္စည်းထုတ်လုပ်ခြင်း နည်းပညာ များ၊ ငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးသားဖောက် လုပ်ငန်းတို့ကို ကြည့်ရှုလေ့လာကြပြီး ရန်ကုန်မြို့ စုရပ်သို့ ပြန်လည်ထွက်ခွာသွား ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြင်ဦးလွင်လူရည်ချွန်စခန်း စခန်းသိမ်း မီးပုံပွဲကျင်းပ

**ပြင်ဦးလွင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦး လွင် လူရည်ချွန်စခန်း စခန်းသိမ်းမီးပုံပွဲ အောင်ပွဲ အခမ်းအနားကို ယမန်နေ့ ည ၇ နာရီက ပွဲကောက် ရေတံခွန်အပန်းဖြေစခန်း၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်လူရည်ချွန်စခန်း စခန်းသိမ်း အောင်ပွဲအထိမ်းအမှတ်အဖြစ် မီးပုံးငယ်အလုံး ၁၀၀ အားလွှင့်တင်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်က အမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ် များကိုယ်စား လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့်ဇနီးတို့က လူရည်ချွန် မောင်မယ်များအား ဒေသထွက်လက်ဆောင်များ အမှတ်တရပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူရည်ချွန်ကျောင်းသား ကျောင်းသူများက ဖျော်ဖြေ ရေးအစီအစဉ်များဖြင့် ကပြဖျော်ဖြေသည်။ ထို့နောက် မီးပုံပွဲကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် မီးပုံပွဲ၌ ပျော်ရွှင်စွာ အတူတကွ ဆင်နွှဲကြပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်း လေ့လာ

**နေပြည်တော် မေ ၁၀**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလ အတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက် များအကျိုးရှိစေရန်၊ မိမိဝါသနာ ပါသည့်ပညာရပ်များကို လေ့လာ ဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော် အတွက် လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်း လာစေရန်ရည်ရွယ်၍ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်၌ အခြေခံ လေကြောင်းလူငယ် သင်တန်း အမှတ်စဉ်(၁၀)အား ဧပြီ ၂၇ ရက် မှစ၍ စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

**သိရှိလိုသည်များ မေးမြန်း**

အဆိုပါ လေကြောင်းလူငယ် သင်တန်းများမှ သင်တန်းသား သင်တန်းသူများသည် ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ တိုင်းသမိုင်းပြခန်း သို့ လာရောက်လေ့လာကြရာ တိုင်းသမိုင်းပြခန်းမှ တာဝန်ရှိသူ များက လိုက်လံရှင်းလင်းပြသကြ ပြီး သင်တန်းသား သင်တန်းသူ များ၏ သိရှိလိုသည်များ မေးမြန်း မှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❍ ရှေ့ဖုံးမှ

ဖိအားပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစတင်၍ အာဆီယံ၏လုပ်ငန်းစဉ်များကို အာဆီယံတူညီဆန္ဒများနှင့်အညီ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် တာဝန်ယူမှုရှိသော အဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံ၏ ယန္တရားများနှင့် လှုပ်ရှားမှုများအတွက် နှစ်စဉ်ထည့်ဝင်ငွေများ ပေးဆောင်ခြင်းအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ တာဝန်ဝတ္တရားများကို အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်းက အာဆီယံနိုင်ငံအချို့၏ သဘောထားဖြင့် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများ ပြုလုပ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် စိတ်ရှည်သည်းခံ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံတော်အစိုးရအသစ်လက်ထက်တွင် ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းနေမှုများသည် ဒီမိုကရေစီနည်းလမ်းတကျ မဲပေးခဲ့သည့် မြန်မာပြည်သူများ၏ ဆန္ဒသဘောထားများကို လျစ်လျူရှုရာရောက်ပါသည်။

အာဆီယံအနေဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် တူညီဆန္ဒမရရှိသေးလင့်ကစား မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများအပေါ် ထောက်ခံကူညီပေးခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပကတိအခြေအနေအပေါ်မူတည်၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားများကာကွယ်စောင့်ရှောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်**

# ဥပဒေရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံကိန်း ဆောင်ရွက်မည့် အစီအမံများအပေါ် တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များ၊ ဥပဒေအရာရှိများနှင့် ခရိုင်ဥပဒေအရာရှိများအား ရှင်းလင်းဆွေးနွေး



**နေပြည်တော် မေ ၁၀**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးသည် တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များ၊ ဥပဒေအရာရှိများနှင့် ခရိုင်ဥပဒေအရာရှိများအား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန၌တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များမှ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ် အညီအမျှရရှိရေးနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံကိန်းဆောင်ရွက်မည့် အစီအမံများအပေါ် ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ အဓိကလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဥပဒေကြောင်းအရ သေချာရေရာမှု (Legal Certainty) ရှိခြင်းသည် တရားဥပဒေစိုးမိုးရေး (Rule of Law)၏ အညွှန်းကိန်းတစ်ရပ်ဖြစ်၍ ဥပဒေမူကြမ်းများတွင် Legal Certainty ရှိရန်နှင့် စနစ်တကျရှိရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက လုပ်ငန်းဆိုင်ရာ လမ်းညွှန်မှုများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေကြောင်းလိုင်းများနှင့်ခရီးသွားကဏ္ဍဖိုရမ် ကျင်းပ





**နေပြည်တော် မေ ၁၀**

လေကြောင်းလိုင်းများနှင့်ခရီးသွားကဏ္ဍဖိုရမ် Airlines & Tourism Industry Forum ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လေကြောင်းကဏ္ဍနှင့် ခရီးသွားကဏ္ဍသည် အပြန်အလှန်အကျိုးပြုနေသဖြင့် လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်း နှစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် မြန်မာ့ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် နိုင်ငံတကာ လေကြောင်းလိုင်းများ၏ အခန်းကဏ္ဍ၊ပြည်တွင်းလေကြောင်း၏ရှေ့လုပ်ငန်းစဉ်ခေါင်းစဉ်များဖြင့် ဆွေးနွေးပွဲများကိုဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် မန္တလေး-လားရှိုးလမ်းပိုင်းရှိ ဘူတာ၊ တံတားနှင့် စက်ရုံများကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၀**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယမန်နေ့က သီပေါမြို့နယ် ဘော်ကြိုဘူတာအနီးရှိ အလျားပေ ၂၈၀ ရှိ ကျင်သီတံတား ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် သီပေါမြို့ရှိ ကွန်ကရစ်ဇလီဖားစက်ရုံ ပျက်စီးသွားသည့်အခြေအနေနှင့် ပြန်လည်တည်ဆောက်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သီပေါဘူတာနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကျောက်မဲဘူတာ၊ မိုးလေဝသနှင့်ဇလဒေဗညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်မိုးလေဝသရုံး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ခရိုင်ရုံးကျောက်မဲ) တို့ကို သွားရောက်စစ်ဆေး၍ ကျောက်မဲခရိုင်ရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများကိုတွေ့ဆုံကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နောင်ပိန်ဘူတာအနီး ရထားလမ်းကူးနေရာမှ RGC ရထားဖြင့်လိုက်ပါစီးနင်းပြီး ရထားလမ်း ကြံ့ခိုင်မှုအခြေအနေနှင့် နောင်ချိုမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဂုတ်ထိပ်တံတားကြံ့ခိုင်မှု၊ ဂုတ်ထိပ်ဘူတာကို သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုနှင့် ရှေးဟောင်းမှတ်တမ်းဓာတ်ပုံများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game
## ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၊ တောင်ကြီးမြို့ရှိ ပြည်သူ့ဆေးရုံကြီးများနှင့် ဆေးတက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်သူများအတွက် လုံခြုံစိတ်ချရသော အစားအသောက်များ ရရှိသုံးစွဲနိုင်ရေးမှာကြားပြီး ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမျိုးသမီးနှင့်ကလေးဆေးရုံကြီး–တောင်ကြီး လူနာလက်ခံကြိုဆိုရေးဌာန၌ Software ဖြင့် လူနာစာရင်းသွင်းမှု(ယာပုံ)၊ လူနာများအား ကုသပေးနေမှုနှင့်တောင်ကြီးမြို့ သားဖွားသင်တန်းကျောင်း၌ လက်တွေ့သင်ကြားနေမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ တောင်ကြီးမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ကုသရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ မိုးရာသီ၌ ဖြစ်ပေါ်နိုင်သော ကူးစက်ရောဂါများ ကာကွယ်ရေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှု တိုးတက်စေရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကလောမြို့နယ် ဟဲဟိုးတိုက်နယ်ဆေးရုံ သရက်ပုကျေးလက်ကျန်းမာရေးဌာန၌ AHA Centre မှ လှူဒါန်းထားသည့် အဆောက်အအုံနှင့် ဝက်ဖြူရေ ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(မန္တလေး) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ



(မန္တလေး)သို့ရောက်ရှိပြီး ပုံနှိပ်စက်ရုံ(မန္တလေး)မှ ရိုက်နှိပ်ထုတ်ဝေသည့် စာအုပ်များ၊ Orient – I, II ပတ်လည်စက်၊ ရွက်ထိုးစက်၊ ကုန်ကြမ်းသိုလှောင်ထားမှု၊ ကော်ကပ်စက်၊ Gathering & Stitching ချုပ်စက်၊ ဓားစက်များ၊ Katana (Image Setter) စက်၊ ပုံကူးစက်နှင့် ပုံဖော်စက်များ၏ ကြံ့ခိုင်မှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီ ကောင်းမွန်ရေး၊ အထူးသဖြင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များကို လက်ဆင့်ကမ်း အသုံးပြုနိုင်ရန်အထိ ပုံနှိပ်ထုတ်ဝေသွားရန်နှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (မန္တလေး) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက အနုပညာဗဟိုဌာနတည်ဆောက်မှု၊ ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ရန်ပုံငွေရရှိမှုအခြေအနေကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတကာ အဆင့်မီ အနုပညာဗဟိုဌာန (မန္တလေး) အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများအား အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်နေမှုနှင့် အပိုင်း(၁)တွင် ပါဝင်သည့် လုပ်ငန်းများပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် သီပေါ၊ ကျောက်မဲနှင့် နောင်ချိုမြို့နယ်များရှိ ဆက်သွယ်ရေးစခန်းနှင့် စာတိုက်စခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်သည် ယမန်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၊ ကျောက်မဲမြို့နှင့် နောင်ချိုမြို့များရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးစခန်းများ၊ မြန်မာ့စာတိုက်လုပ်ငန်း၊ စာတိုက်စခန်းများနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဆက်သွယ်မှုအစဉ်ကောင်းမွန်စေရေး၊ ချွတ်ယွင်းပြတ်တောက်မှုများဖြစ်ပါက အမြန်ဆုံးပြန်လည်ကောင်းမွန်အောင်ပြုပြင်ရေး၊ စာတိုက်များသည် ရှေးဟောင်းအဆောက်အအုံများဖြစ်၍ ထိန်းသိမ်းပြုပြင်ရေးနှင့် ပြည်သူများက အားထားရသည့်ဝန်ထမ်းများဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မေ ၈ ရက်ကလည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဆက်သွယ်ရေးရုံးကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က ကြီးကြပ်၍ စိုက်ပျိုးရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နွေသီးနှံ (စပါး၊ နှမ်း၊ ပဲတီစိမ်း၊ ဝါ) စိုက်ခင်းများအတွက် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ နွေသီးနှံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်စေရေး၊ သီးနှံဖျက်ပိုးမွှားများ ကျရောက်မှု ကင်းရှင်းစေရေး၊ မြေဩဇာနှင့်ပိုးသတ်ဆေး စနစ်တကျ သုံးစွဲတတ်စေရေး၊ အရည်အသွေးကောင်းသီးနှံများ ထွက်ရှိရေးတို့အတွက် စိုက်ပျိုးမှုနည်းစနစ်များကို ဒေသခံတောင်သူများအား လက်တွေ့ကွင်းသရုပ်ပြသသည်။

**ဝါဝါမြင့်(မြစ်သား)**

“ဝန်ဆောင်မှုများ ကောင်းစေရေး ‘1111’ ဖြေကြားပေး”

“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

# နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်ကို အားကောင်းစေမည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွား

ကိုချင်း

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ပြီး လုပ်သားများအတွက် အလုပ်အကိုင်အများဆုံးပေးနိုင်သည့်အပြင် ဒေသတွင်း စီးပွားရေးလည်ပတ်မှုကို အားကောင်းစေသော အဓိက အင်ဂျင်တစ်ခုလည်း ဖြစ်ပါသည်။**

ထို့ကြောင့် ယခုအခါ နိုင်ငံတော်အစိုးရက MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးတည်ထားသည့် ဝန်ကြီးဌာနတစ်ရပ်ကို သီးခြားဖွင့်လှစ်ပေးလိုက်ခြင်းဖြင့် စီးပွားရေးစနစ်တစ်ခုလုံးအတွက်သာမက ပြည်သူလူထုအတွက်ပါ တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးကျေးဇူးများကို သယ်ဆောင်လာမည်ဖြစ်ပြီး အရေးပါသော အလှည့်အပြောင်းတစ်ခု ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်ပါသည်။

ဦးစွာ ဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးမည်ဖြစ်ပါသည်။ MSME လုပ်ငန်းများသည် လုပ်သားအင်အားအများအပြား လိုအပ်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့ တိုးချဲ့ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသအသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ပါသည်။ ထိုအခါ လူငယ်များအနေဖြင့် မိမိတို့ဒေသ၌ပင် အလုပ်အကိုင်ရှာဖွေနိုင်ပြီး အလုပ်လက်မဲ့ပြဿနာကိုလည်း သိသိသာသာ လျှော့ချနိုင်မည်ဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် MSME လုပ်ငန်းရှင်များအတွက် အရေးပါဆုံးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာ အခက်အခဲများကို လျှော့ချပေးမည်ဖြစ်ပါသည်။ ယခင်က ချေးငွေရယူရာတွင် ကြုံတွေ့ရသော လုပ်ထုံးလုပ်နည်း အခက်အခဲများကို လျှော့ချပေးပြီး အတိုးနှုန်းသက်သာသည့် ငွေကြေးပံ့ပိုးမှုစနစ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ခေတ်မီ စက်ကိရိယာများနှင့် ထုတ်လုပ်မှုနည်းပညာများကို သင်ယူနိုင်ရန် သင်တန်းများနှင့် လေ့ကျင့်ရေးအစီအစဉ်များကိုလည်း စနစ်တကျ စီစဉ်ပေးမည်ဖြစ်ပါသည်။

တတိယအချက်မှာ MSME ထုတ်ကုန်များ၏ ဈေးကွက်ချဲ့ထွင်နိုင်မှုဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ အရည်အသွေး ထိန်းချုပ်မှုစနစ်များနှင့် နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာနိုင်ရန် အထောက်အပံ့များပေးခြင်းအားဖြင့် ထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။ ကုန်စည်ပြပွဲများနှင့် ကုန်သွယ်မှုဆိုင်ရာ ချိတ်ဆက်မှုများကိုလည်း စီစဉ်ပေးခြင်းဖြင့် MSME လုပ်ငန်းများ၏ ဈေးကွက်လမ်းကြောင်းများ ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပါသည်။

စတုတ္ထအချက်အနေဖြင့် လုပ်ငန်းလိုင်စင်နှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို လွယ်ကူမြန်ဆန်စေရန် ဝန်ဆောင်မှုအားလုံး တစ်နေရာတည်းတွင် ရရှိနိုင်သည့်(One –Stop Service) စနစ်ကို အကောင်အထည်ဖော်ပေးမည်ဖြစ်ပါသည်။ ထိုစနစ်ကြောင့် လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်ရယူခြင်းနှင့် ဥပဒေဆိုင်ရာ လိုအပ်ချက်များကို တစ်နေရာတည်းတွင် မြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချိန်နှင့် ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အဂတိများကိုလည်း လျှော့ချနိုင်ပြီး စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုသန့်ရှင်းတည်ငြိမ်စေမည် ဖြစ်ပါသည်။

**❑ လုပ်ငန်းလိုင်စင်နှင့် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းစဉ်များကို လွယ်ကူမြန်ဆန်စေရန် ဝန်ဆောင်မှုအားလုံး တစ်နေရာတည်းတွင် ရရှိနိုင်သည့် (One - Stop Service) စနစ်ကို အကောင်အထည်ဖော်ပေးမည် ဖြစ်ပါသည်။ ထိုစနစ်ကြောင့် လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်ရယူခြင်းနှင့် ဥပဒေဆိုင်ရာ လိုအပ်ချက်များကို တစ်နေရာတည်းတွင် မြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချိန်နှင့်ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အဂတိများကိုလည်း လျှော့ချနိုင်ပြီး စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုသန့်ရှင်းတည်ငြိမ်စေမည်**

နောက်ဆုံးအချက်အနေဖြင့် ဒေသတွင်းအရင်းအမြစ်များကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးနိုင်မှုကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။ ဒေသထွက်ကုန်များကို ကုန်ကြမ်းအဖြစ်သာ ရောင်းချခြင်းမှ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခြင်းသည် ဝင်ငွေကိုတိုးတက်စေပြီး ဒေသစီးပွားရေးကိုလည်း တက်ကြွအားကောင်းလာစေမည်ဖြစ်ပါသည်။ ထွက်ကုန်များကို ကုန်ချောများအဖြစ် ပြောင်းလဲခြင်းဖြင့် ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ဝန်ကြီးဌာနအဆင့်သို့ တိုးမြှင့်လိုက်ခြင်းက နိုင်ငံတော်၏ စီးပွားရေးကို ရှင်သန်အားကောင်းစေမည့် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ရရှိလာသည့် အခွင့်အလမ်းများကို အသုံးချကာ လူမှုဘဝအဆင့်အတန်းကို မြှင့်တင်နိုင်မည်ဖြစ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း တက်ကြွစွာ ပါဝင်နိုင်ကြမည်ဖြစ်ပါသည်။ “ခိုင်မာသော MSME ကဏ္ဍသည် တောင့်တင်းသော နိုင်ငံတော်စီးပွားရေး၏ အုတ်မြစ် ဖြစ်ပါသည်။”

## ၁။ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်များလာခြင်း

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံကာ ထောက်ပံ့ပေးနေသော အင်အားအကြီးမားဆုံးကဏ္ဍတစ်ခုမှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပင် ဖြစ်ပါသည်။ MSME ကဏ္ဍသည် စီးပွားရေးလုပ်ငန်းကြီးများနှင့် မတူဘဲ လူထုအတွင်းသို့ နက်ရှိုင်းစွာ ပျံ့နှံ့တည်ရှိနေပြီး လူတန်းစားအမျိုးမျိုး၏ဘဝ အသက်မွေးဝမ်းကျောင်းနှင့် တိုက်ရိုက်ချိတ်ဆက်နေသောကြောင့် စီးပွားရေး၏ အုတ်မြစ်အဖြစ် သတ်မှတ်နိုင်ပါသည်။ ထိုသို့သော အရေးပါမှုကို အလေးထားကာ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ဝန်ကြီးဌာနအဆင့်သို့ တိုးမြှင့်ပေးလိုက်ခြင်းသည် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ကျယ်ပြန့်စွာ ဖန်တီးပေးနိုင်မည့် အရေးပါသော လှုပ်ရှားမှုတစ်ရပ်ဖြစ်ပါသည်။

ဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်တစ်ခုမှာ နိုင်ငံတစ်ဝန်းရှိ လုပ်သားအင်အားစုများအတွက် ရေရှည်တည်တံ့ပြီး ခိုင်မာသောအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ဖြစ်ပါသည်။ MSME လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်း အလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် MSME ကဏ္ဍ၏ အမျိုးသမီးများနှင့် အိမ်တွင်းမှုလုပ်ငန်းရှင်များကိုလည်း ဝန်ကြီးဌာနမှ စနစ်တကျပံ့ပိုးပေးနိုင်မည်ဖြစ်၍ အမျိုးသမီးများ၏ စီးပွားရေးပါဝင်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် မိသားစုဝင်ငွေတိုးတက်စေရုံသာမက လူမှုရေးအရလည်း အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပိုမိုတိုးတက်စေမည်ဖြစ်ပါသည်။

ဝန်ကြီးဌာနအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် လူတစ်စုအတွက်သာမဟုတ်ဘဲ အခြေခံလက်လုပ်လက်စား ပြည်သူများ၊ ကျွမ်းကျင်လုပ်သားများနှင့် ပညာတတ်လူငယ်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် အလုပ်အကိုင် ဘေးကင်းလုံခြုံမှုနှင့် ဝင်ငွေတိုးတက်မှုကို အကောင်အထည်ဖော်ပေးမည့် အားကိုးထိုက်သော အဖွဲ့အစည်းတစ်ခု ဖြစ်လာစေမည်ဖြစ်ပါသည်။ MSME ကဏ္ဍ၏ ခိုင်မာတိုးတက်မှုသည် နိုင်ငံတော်စီးပွားရေး၏ အုတ်မြစ်ကို ပိုမိုခိုင်မာစေပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ငြိမ်သော အခြေခံကို ဖန်တီးပေးမည်ဖြစ်ပါသည်။

## ၂။ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုအကူအညီများ ပိုမိုရရှိခြင်း

ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းရှင်များ ကြုံတွေ့နေရသော “ခေတ်နောက်ကျနေသည့် နည်းပညာ” နှင့် “အရင်းအနှီးခက်ခဲမှု” ကို ထိရောက်စွာ ဖြေရှင်းပေးမည်ဖြစ်ပြီး ယင်းအခြေအနေသည် MSME ကဏ္ဍကို သာမန်ရှင်သန်တည်တံ့နေသည့်အဆင့်မှ တိုးတက်ဖွံ့ဖြိုးမှု အရှိန်မြင့်သည့်အဆင့်သို့ ရောက်ရှိစေရန် အဓိကမောင်းနှင်ပေးမည် ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုတွင် လက်မှုအခြေပြုလုပ်ငန်းများမှ စက်မှုအခြေပြုလုပ်ငန်းများသို့ ပြောင်းလဲနိုင်ရန် နည်းပညာသည် အဓိကအခရာ ဖြစ်ပါသည်။ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် စက်မှုခေတ်မီရေးအတွက် လိုအပ်သည့် စက်ကိရိယာ အသုံးပြုပုံများကို သရုပ်ပြသင်တန်းများဖြင့် မျှဝေပေးမည်ဖြစ်ပြီး ထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန်နှင့် အလေအလွင့်များ လျော့နည်းစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့အပြင် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု (Digital Transformation) ကိုလည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ Software များ အသုံးပြုခြင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုနှင့် အရောင်းအဝယ် (E-commerce) စနစ်များကို ကျွမ်းကျင်စွာ အသုံးချနိုင်ရန် လေ့ကျင့်ပေးသွားမည် ဖြစ်ပါသည်။

ထို့ပြင် သုတေသနနှင့် ဖွံ့ဖြိုးရေး(R&D) လုပ်ငန်းများမှတစ်ဆင့် ပြည်တွင်းထွက် ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲနိုင်မည့် နည်းပညာအသစ်များကိုလည်း မျှဝေပေးမည်ဖြစ်ပါသည်။ ဤသို့သော နည်းပညာကူးပြောင်းမှုများသည် MSME လုပ်ငန်းများကို ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန်သာမက နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်မည့် အခြေခံခိုင်မာမှုကိုလည်း ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

နည်းပညာနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများသည်လည်း MSME ဖွံ့ဖြိုးရေးအတွက် မဖြစ်မနေလိုအပ်သော အချက်တစ်ရပ်ဖြစ်ပြီး လုပ်ငန်းတစ်ခု စတင်ရန် သို့မဟုတ် တိုးချဲ့ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီးကို ရရှိရန်နှင့် အခက်အခဲများကို ဖြေရှင်းပေးရန် ဝန်ကြီးဌာနက ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံသူများနှင့် MSME လုပ်ငန်းရှင်များကို တိုက်ရိုက်ချိတ်ဆက်ပေးသည့် ဖိုရမ်များ၊ ဆွေးနွေးပွဲများကို စီစဉ်ပေးခြင်းဖြင့် ပြည်တွင်း ပြည်ပမှ အရင်းအနှီးစီးဆင်းမှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်ပါသည်။ ယင်းသည် MSME လုပ်ငန်းများအတွက် တိုးတက်ချဲ့ထွင်နိုင်သည့် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ဝန်ကြီးဌာနသည် “ငွေကြေး” ဟူသော အင်ဂျင်နှင့် “နည်းပညာ” ဟူသော လောင်စာတို့ကို တစ်ပြိုင်နက်တည်း ပံ့ပိုးပေးခြင်းဖြင့် MSME လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

## ၃။ ဈေးကွက်ချဲ့ထွင်နိုင်မှုနှင့် နိုင်ငံတကာအဆင့်မီ ထုတ်ကုန်များ

MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အဓိကတာဝန်များထဲမှ တစ်ခုမှာ ပြည်တွင်းထုတ်ကုန်များကို “အရည်အသွေးမြင့်မားစေရန်” နှင့် “ဈေးကွက်ကျယ်ပြန့်စေရန်” ချိတ်ဆက်ပေးခြင်း ဖြစ်ပါသည်။ ယင်းသည် လုပ်ငန်းရှင်များအတွက် ဝင်ငွေတိုးတက်စေခြင်းသာမက နိုင်ငံတော်၏ ပို့ကုန်စွမ်းအားကို မြှင့်တင်ပေးနိုင်မည့် အရေးပါသော အချက်တစ်ရပ် ဖြစ်ပါသည်။

ပထမဦးစွာ ပြည်တွင်းထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် အရည်အသွေးနှင့် စံချိန်စံညွှန်းများကို အထူးအာရုံစိုက်ရမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသော အရည်အသွေးသည် ပြည်ပဈေးကွက်သို့ ဝင်ရောက်နိုင်ရန် အခြေခံအရေးကြီးဆုံးအချက်ဖြစ်သောကြောင့် ဝန်ကြီးဌာနအနေဖြင့် ISO 9001၊ HACCP၊ GMP စသည့် စံချိန်စံညွှန်းများ ရရှိနိုင်ရန် လုပ်ငန်းရှင်များကို နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှုများနှင့် စစ်ဆေးမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ထို့အပြင် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် အတွက် ထုပ်ပိုးမှု ဒီဇိုင်းနှင့် တံဆိပ်တပ်ဆင်မှုများကို လည်း ခေတ်မီစေပြီး ဆွဲဆောင်မှုရှိအောင် အဆင့်မြှင့် တင်ပေးမည် ဖြစ်ပါသည်။

ထုတ်ကုန်များ၏ အရည်အသွေးကောင်းမွန်မှု နှင့်အတူ ဈေးကွက်ချဲ့ထွင်နိုင်မှုသည်လည်း အရေး ကြီးပါသည်။ ထုတ်ကုန်ကောင်းတစ်ခု ရှိသော်လည်း ဈေးကွက်မရှိပါက လုပ်ငန်းတည်တံ့နိုင်မည် မဟုတ် ပါ။ ထို့ကြောင့် ဝန်ကြီးဌာနသည် ပြည်တွင်းနှင့် ပြည်ပတွင် ကျင်းပသည့် ကုန်စည်ပြပွဲများနှင့် ကုန်သွယ်မှုပွဲများတွင် MSME လုပ်ငန်းရှင်များ ပါဝင်ခွင့်ရရှိစေရန် စီစဉ်ပေးမည်ဖြစ်ပါသည်။ ယင်းမှ တစ်ဆင့် ထုတ်ကုန်များကို နိုင်ငံတကာသို့ မိတ်ဆက် နိုင်ပြီး အမှာစာများ ရရှိစေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ပြည်ပမှ ဝယ်ယူလိုသူများနှင့် ပြည်တွင်း ထုတ်လုပ်သူများကို တိုက်ရိုက်ချိတ်ဆက်ပေးသည့် B2B Matching စနစ်များကိုလည်း ဖော်ဆောင် ပေးမည် ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ဈေးကွက်၏ အနာဂတ်မှာ ဒစ်ဂျစ်တယ်ပလက်ဖောင်းများပေါ်တွင် တည်ရှိနေ ပါသည်။ ထို့ကြောင့် MSME ဝန်ကြီးဌာနသည် အွန်လိုင်းဈေးကွက် (E-commerce) ကို အားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး MSME လုပ်ငန်းများ အတွက် သီးသန့် E-marketplace များ ဖန်တီးပေး ခြင်း သို့မဟုတ် ကမ္ဘာ့အဆင့်မီ ပလက်ဖောင်းများနှင့် ချိတ်ဆက်ရောင်းချနိုင်ရန်ကိုလည်း နည်းပညာပိုင်း ဆိုင်ရာ ကူညီပေးမည်ဖြစ်ပါသည်။ ထို့အပြင် ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရာတွင် ကြုံတွေ့ ရသည့် ထောက်ပံ့ပို့ဆောင်ရေးနှင့် အကောက်ခွန် ဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ပိုမိုလွယ်ကူ ချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ညှိနှိုင်းပေးမည်ဖြစ်ပါသည်။

မြန်မာ့ထုတ်ကုန်သည် စိတ်ချရသည်ဟူသော နိုင်ငံတော်အဆင့်ဂုဏ်သတင်း (Country Brand) တည်ဆောက်နိုင်ရန် ဝန်ကြီးဌာနက အထူးအာရုံစိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်း ရှင်များ၏ ထုတ်ကုန်ဒီဇိုင်းများနှင့် နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများကို မူပိုင်ခွင့်လျှောက်ထားရာတွင် လမ်းညွှန်ကူညီပေးခြင်းဖြင့် ၎င်းတို့၏ အကျိုးစီးပွား ကို ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

**၄။ လုပ်ငန်းလိုင်စင်နှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်း စဉ်များ လွယ်ကူမြန်ဆန်ခြင်း**

လုပ်ငန်းသစ်တစ်ခု စတင်ရန် သို့မဟုတ်တရားဝင် လုပ်ငန်းအဖြစ် ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်း ရာတွင် လုပ်ငန်းရှင်များအတွက် အရေးပါဆုံးဖြစ် သည့် "တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာ (One-Stop Service Center)" စနစ်ကို အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ဝန်ဆောင်မှု စင်တာတစ်ခုတည်းတွင် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အခွန်ဆိုင်ရာ ကိစ္စများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ခွင့်ပြုချက်များနှင့် စည်ပင်သာယာရေး ဆိုင်ရာ လိုင်စင်များကို တစ်ပြိုင်နက်တည်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ ယင်းသည် အချိန် နှင့် အားစိုက်ထုတ်မှုများကို သိသိသာသာ လျှော့ချ ပေးနိုင်ပြီး လုပ်ငန်းရှင်များအတွက် အဆင်ပြေ ချောမွေ့မှုကို တိုးမြှင့်ပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် ခေတ်မီနည်းပညာကို အသုံးချကာ ဒစ်ဂျစ်တယ်အုပ်ချုပ်မှုစနစ်ဖြစ်သည့် "အွန်လိုင်းမှ လိုင်စင်လျှောက်ထားသည့်စနစ် (Online Licensing System)"ကို အသုံးပြုခြင်းဖြင့် လုပ်ငန်းရှင်များ အနေဖြင့် ရုံးသို့ ကိုယ်တိုင်လာရောက်ရန် မလိုဘဲ အင်တာနက်မှတစ်ဆင့် လိုအပ်သော စာရွက်စာတမ်း များကို တင်ပြလျှောက်ထားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် လျှောက်လွှာတင်ထားသော အခြေအနေ ကို အွန်လိုင်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်မည်ဖြစ်ပြီး မည်သည့်ဌာနတွင် စစ်ဆေးနေသည်ကို ပွင့်လင်းမြင်သာစွာ သိရှိနိုင် မည်ဖြစ်ပါသည်။ ထို့ပြင် လျှောက်လွှာများကို စီမံ ဆောင်ရွက်ရန် အချိန်ကန့်သတ်ချက်များ (SOP) ကို တိကျစွာ သတ်မှတ်ထားခြင်းကြောင့် မလိုလား အပ်သော ကြန့်ကြာမှုများကိုလည်း ထိရောက်စွာ လျှော့ချနိုင်မည် ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း MSME လုပ်ငန်းရှင်များ၏ အရွယ်အစားနှင့် မကိုက်ညီသော စည်းမျဉ်းစည်းကမ်း များကို ပြန်လည်သုံးသပ်၍ ဖြေလျှော့ပေးသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။ လုပ်ငန်းစတင်ချိန်တွင် လိုအပ်သော ကနဦး အရင်းအနှီး သတ်မှတ်ချက်များ၊ အာမခံပစ္စည်း လိုအပ်ချက်များနှင့် စာရွက်စာတမ်းများကို လျှော့ချ ပေးခြင်းအားဖြင့် အသေးစားလုပ်ငန်းရှင်များ အတွက် တရားဝင် လမ်းကြောင်းပေါ်သို့ ဝင်ရောက် ရန် ပိုမိုလွယ်ကူလာမည် ဖြစ်ပါသည်။

ထို့ပြင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုကို မြှင့်တင်ခြင်းအနေဖြင့်လည်း တိုက်ရိုက်ထိတွေ့ရမှု ကို လျှော့ချပြီး စနစ်တကျလုပ်ဆောင်နိုင်သော ဒစ်ဂျစ်တယ်စနစ်များကို အသုံးပြုခြင်းအားဖြင့် အဂတိများကို ထိရောက်စွာ တားဆီးနိုင်မည်ဖြစ်ပါ သည်။ လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ထား သော အခကြေးငွေများကိုသာ တရားဝင် ပေးသွင်း ရမည်ဖြစ်ကာ မလိုလားအပ်သော အပိုကုန်ကျစရိတ် များ လျော့နည်းလာခြင်းကြောင့် လုပ်ငန်းလည်ပတ် မှုစရိတ်ကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ မြန်ဆန်ချောမွေ့သော ဝန်ဆောင်မှုများနှင့် ပွင့်လင်း မြင်သာသော စနစ်များမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးလည်ပတ်မှုကို အရှိန်အဟုန်မြှင့်တင်ပေး နိုင်မည်ဖြစ်ပါသည်။

**၅။ ဒေသတွင်း စီးပွားရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန် များ (Value-Added Products)**

MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိက မဟာဗျူဟာများအနက်မှ တစ်ခုမှာ ဒေသတစ်ခုချင်း စီ၏ သယံဇာတအရင်းအမြစ်များကို အခြေခံ၍ "တန်ဖိုးမြှင့်ထုတ်ကုန်များ" ထုတ်လုပ်နိုင်စေရန် တွန်းအားပေးခြင်း ဖြစ်ပါသည်။ ဤမဟာဗျူဟာ သည် ကုန်ကြမ်းတင်ပို့သည့်အဆင့်မှ တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်နိုင်သည့် အဆင့်သို့ တိုးတက် ပြောင်းလဲနိုင်ရန် အရေးပါသော အခြေခံတစ်ရပ် ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း အဓိကကျသော လမ်းညွှန်တစ်ခု ဖြစ်လာပါသည်။

ယခင်က ဒေသအသီးသီးမှ ထွက်ရှိသော စိုက်ပျိုးရေးနှင့် သယံဇာတထွက်ကုန်များကို ကုန်ကြမ်းအတိုင်း ဈေးနှုန်းနိမ့်စွာဖြင့် ရောင်းချခဲ့ ရခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ယခုအခါ ဝန်ကြီးဌာန ၏ ပံ့ပိုးကူညီမှုများဖြင့် အဆိုပါကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲနိုင်ရန် နည်းပညာနှင့် စက်ကိရိယာများ ရရှိလာမည်ဖြစ်ပါ သည်။ ဥပမာအားဖြင့် မြေပဲကို အရည်အသွေးမြင့် မြေပဲဆီ သို့မဟုတ် အဆာပြေစားသောက်ကုန်များ အဖြစ် ထုတ်လုပ်နိုင်ခြင်း၊ သစ်သီးဝလံများကို လတ်ဆတ်သည့်အချိန်တွင် ဈေးနိမ့်ခံရခြင်းမှ ရှောင်ရှားနိုင်ရန် အခြောက်ခံနည်းပညာများဖြင့် ယို၊ ဖျော်ရည်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခြင်း တို့သည် တန်ဖိုးမြှင့်ထုတ်လုပ်မှု၏ ထင်ရှားသော ဥပမာများ ဖြစ်ပါသည်။

ထို့အပြင် "ဒေသတစ်ခု ထုတ်ကုန်တစ်ခု" (One Region One Product – OROP) မူဝါဒကို အကောင် အထည်ဖော်ခြင်းအားဖြင့် ဒေသအလိုက် ထူးခြား သော ထုတ်ကုန်များကို ဖော်ထုတ်၍ ကုန်အမှတ် တံဆိပ် ဖော်ဆောင်ခြင်း(Branding) ပြုလုပ်ပေးမည် ဖြစ်ပါသည်။ ယင်းသည် ဒေသတွင်း အသေးစား လုပ်ငန်းရှင်များကို စုစည်း၍ စုပေါင်းစွမ်းအားဖြင့် လုပ်ကိုင်နိုင်စေပြီး ဒေသစီးပွားရေးကို ကိုယ်ပိုင် အင်အားဖြင့် ရပ်တည်နိုင်စေရန် အထောက်အကူပြု မည်ဖြစ်ပါသည်။ ဒေသတစ်ခုချင်းစီ၏ ထူးခြားချက် ကို အခြေခံ၍ ထုတ်လုပ်သည့် ကုန်ပစ္စည်းများသည် အမှတ်တံဆိပ်တန်ဖိုးကို မြင့်မားလာစေပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင်လည်း ပိုမို အသိအမှတ်ပြုခံရနိုင်မည် ဖြစ်ပါသည်။

တန်ဖိုးမြှင့်တင်မှုသည် ထုတ်လုပ်မှုအဆင့်တွင် သာ မဟုတ်ဘဲ ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် လုံးတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါ သည်။ သိုလှောင်မှုအဆင့်တွင် အအေးခန်းစနစ်များ ကို အသုံးပြုခြင်းအားဖြင့် ရာသီပေါ်သီးနှံများ ပုပ်သိုး ဆုံးရှုံးမှုကို လျှော့ချနိုင်ပြီး ဈေးကောင်းရရှိသည့် အချိန်အထိ ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ထုပ်ပိုးမှုနည်းပညာများကို အဆင့်မြှင့်တင် ခြင်းအားဖြင့် ထုတ်ကုန်၏ အရည်အသွေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို အဆပေါင်းများစွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

ဤသို့သော တန်ဖိုးမြှင့်ထုတ်လုပ်မှုများမှ ရရှိ လာမည့် အကျိုးကျေးဇူးများသည် ဒေသတွင်း စီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုဘဝကို တိုက်ရိုက်သက်ရောက်စေမည် ဖြစ်ပါသည်။ ကုန်ကြမ်းထက် ကုန်ချောထုတ်ကုန်များသည် ဈေးနှုန်းမြင့်မားစွာရရှိနိုင်သဖြင့် လုပ်ငန်းရှင်များ နှင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ် သည်။ ထို့အပြင် ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိ လာသော ဘေးထွက်ပစ္စည်းများကိုလည်း ထပ်မံ အသုံးချ၍ ဝင်ငွေရှာနိုင်သည့် လမ်းကြောင်းအသစ် များကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကောက်ရိုးမှ စက္ကူထုတ်လုပ်ခြင်း၊ အပင်အခွံများမှ မြေဩဇာထုတ်လုပ်ခြင်းတို့သည် စွန့်ပစ်ပစ္စည်းများ ကို တန်ဖိုးရှိသည့် အရင်းအမြစ်များအဖြစ် ပြန်လည် အသုံးချနိုင်သည့် နည်းလမ်းများဖြစ်ပါသည်။

"ဒေသသယံဇာတကို အရင်းပြု၍ နည်းပညာ ဖြင့် တန်ဖိုးမြှင့်တင်ခြင်း" ဆိုသည့် မဟာဗျူဟာဖြင့် ကျေးလက်နှင့် ဒေသအသီးသီးရှိ ပြည်သူများ၏ လူမှုစီးပွားဘဝကို ရေရှည်တည်တံ့ခိုင်မြဲစေရန် အထောက်အကူပြုမည်ဖြစ်သကဲ့သို့ ဒေသအသီးသီး ရှိ စီးပွားရေးများကို စွမ်းအားရှိသော အင်အားစုများ အဖြစ် ပြောင်းလဲစေပြီး နိုင်ငံတော်၏ စီးပွားရေး တည်ငြိမ်မှုကို ပိုမိုခိုင်မာစေမည့် အရေးပါသော ခြေလှမ်းတစ်ရပ် ဖြစ်လာမည်ဖြစ်ပါသည်။

> **" တန်ဖိုးမြှင့်ထုတ်လုပ်မှုများမှ ရရှိလာမည့် အကျိုးကျေးဇူးများသည် ဒေသတွင်း စီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုဘဝကို တိုက်ရိုက်သက်ရောက်စေမည် ဖြစ်ပါသည်။ ကုန်ကြမ်းထက် ကုန်ချောထုတ်ကုန်များသည် ဈေးနှုန်းမြင့်မားစွာ ရရှိနိုင်သဖြင့် လုပ်ငန်းရှင်များနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများ ကိုလည်း ထပ်မံအသုံးချ၍ ဝင်ငွေရှာနိုင်သည့် လမ်းကြောင်းအသစ်များကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကောက်ရိုးမှ စက္ကူထုတ်လုပ်ခြင်း၊ အပင်အခွံများမှ မြေဩဇာထုတ်လုပ်ခြင်းတို့သည် စွန့်ပစ်ပစ္စည်းများကို တန်ဖိုးရှိသည့် အရင်းအမြစ်များအဖြစ် ပြန်လည်အသုံးချနိုင်သည့် နည်းလမ်းများဖြစ် "**

အစိုးရသစ်၏ လမ်းညွှန်ချက်များနှင့် MSME ကဏ္ဍသစ် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန် မှာကြားချက်များအရ MSME ကဏ္ဍသည် နိုင်ငံတော် ၏ ကုန်ထုတ်လုပ်မှုစနစ်တွင် အခြေခံအုတ်မြစ်အဖြစ် အရေးပါသည့်အပြင် အချိန်တိုအတွင်း အကျိုး ဖြစ်ထွန်းစေမည့် "Quick Win"မဟာဗျူဟာများ၏ အဓိကမောင်းနှင်အား တစ်ရပ်လည်း ဖြစ်ပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် MSME ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ တာဝန်ယူ ဆောင်ရွက်ရသော ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် တိုက်ရိုက်ချိတ်ဆက်နေပြီး ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်မည့် အရေး ပါသော လမ်းကြောင်းတစ်ခုကို ဖော်ဆောင်ပေး လျက်ရှိပါသည်။

ပထမဦးစွာ MSME လုပ်ငန်းများ အောင်မြင်စေ ရန်အတွက် ပြည်ပမှ ကုန်ကြမ်းများအပေါ် အလွန် အကျွံ မှီခိုနေခြင်းကို လျှော့ချပြီး မိမိတို့ဒေသမှ ထွက်ရှိသည့် သယံဇာတများ၊ ဒေသထွက်ကုန်ကြမ်း များကို အသုံးချခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လမ်းညွှန်ထားပါသည်။ အထူး သဖြင့် ဝါလုပ်ငန်းကို အခြေခံ၍ ဝါမှ ဝါဂွမ်း၊ ချည်မျှင် နှင့် အထည်အလိပ်အထိ ဆက်လက်တိုးချဲ့နိုင်သည့် ကွင်းဆက်ကုန်ထုတ်လုပ်မှုစနစ်ကို ဖော်ဆောင်ခြင်း ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေး နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် သားရေ၊ ရော်ဘာ၊ သရက်၊ ဒူးရင်း၊ ငရုတ်ကောင်းကဲ့သို့သော ဒေသ ထွက်သီးနှံများကို အဆင့်မြင့်ကုန်ချောထုတ်ကုန် များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းသည် ဒေသ စီးပွားရေးကို တိုးတက်စေမည့် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်လာပါသည်။

ထို့အပြင် MSME လုပ်ငန်းများ ရေရှည်တည်တံ့ ဖွံ့ဖြိုးနိုင်ရန်အတွက် ငွေကြေးပံ့ပိုးမှုနှင့် လုပ်ထုံး လုပ်နည်းဆိုင်ရာ ဖြေလျှော့မှုများကိုလည်း တစ်ပြိုင် နက်တည်း ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းရှင် များအနေဖြင့် လိုအပ်သော ရင်းနှီးမတည်ငွေများကို နိုင်ငံတော်က ပံ့ပိုးပေးခြင်းဖြင့် လုပ်ငန်းများကို စတင်ခြင်းနှင့် တိုးချဲ့ခြင်းတို့ကို လွယ်ကူစေမည် ဖြစ်ပါသည်။ ထို့ပြင် လုပ်ငန်းလိုင်စင်နှင့် အုပ်ချုပ်မှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ဖြေလျှော့ ပေးခြင်းဖြင့် MSME လုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ငန်းများကို တရားဝင်လမ်းကြောင်း တွင် လုပ်ကိုင်နိုင်ရန် အဆင်ပြေစေမည်ဖြစ်ပါသည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် MSME ကဏ္ဍအတွက် မဖြစ်မနေလိုအပ်သော အခြေခံတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံ ပညာအလယ်တန်းအဆင့်မှ စတင်၍ စက်မှု၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေးဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးခြင်းဖြင့် လက်တွေ့အသုံးချနိုင်သော ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် သိပ္ပံကျောင်း များကို တက္ကသိုလ်နှင့် ကောလိပ်အဆင့်သို့ မြှင့်တင် ခြင်းနှင့် Polytechnic ကျောင်းများကို တိုးချဲ့ဖွင့်လှစ် ခြင်းတို့ဖြင့် နည်းပညာကျွမ်းကျင်သော လူသား အရင်းအမြစ်များကို စနစ်တကျပြုစုပျိုးထောင် ပေးလျက်ရှိပါသည်။

နည်းပညာနှင့် သွင်းအားစုများ ပံ့ပိုးပေးခြင်း သည်လည်း MSME ဖွံ့ဖြိုးရေးအတွက် အရေးပါသော အချက်တစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် နေရောင် ခြည်စွမ်းအင် (Solar) ကို အသုံးပြု၍ လျှပ်စစ် ဓာတ်အား ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရေးအတွက် ရေတင်လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းသည် ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်များကို လျှော့ချပေး နိုင်ပြီး လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင် ပေးမည်ဖြစ်ပါသည်။

*စာမျက်နှာ ၈ သို့*

# ရွှေမိုးရွာစေ ငွေမိုးဖြာစေ

အလင်္ကာအသွင်
သက်မဝင်ဖို့
ဥဏ်မြင်စူးရှ
အရှင်မဟာကဿပ၏
ကတဝေဒီ
မော်ကွန်းစီ၍
စုံညီငါးရာ
ရဟန္တာတို့
ဦးစွာတင်ရာ
ပထမသင်္ဂါယနာ၏
ဝေဖြာတင့်ဆန်း
မြတ်အောင်ပန်းကား
ဇာတ်လမ်းအစ
ထေရဝါဒ ...။

သာသနာပုံရိပ်
ကောင်းဂုဏ်ဟိတ်တို့
မဆိတ်သုဉ်းရန်
စိတ်ရည်သန်လျက်
ထေရ်စဉ်ဆက်
အသက်ဆက်၍
မပျက်သယ်ကြ
ဒု-တ-စ နှင့်
ပဥ္စမမည်သာ
သင်္ဂါယနာ၏
ထင်စွာပွင့်လန်း
တော်ဝင်ပန်းကား
မှတ်တမ်းတင်ပြ
ထေရဝါဒ ...။

ပိဋကတ်တန်ဖိုး
အမြတ်တိုး၍
စံထိုးပေတံ
တည်ရှိရန်သို့
ရည်သန်တောင့်တ
အာသီသဖြင့်
မရှမ္ဘသံဃာ
ထေရ်ဆရာနှင့်
ဒါယကာအစိုးရ
သဒ္ဓါကြွလျက်
ဆဋ္ဌကြိမ်ခါ
သင်္ဂါယနာ၏
မြန်မာအောင်ပန်း
အောင်မြေလမ်းကား
မြတ်ကျမ်းစဉ်ပြ
ထေရဝါဒ ...။

ထေရဝါဒသာသနာ
ရွှေမြန်မာ၏
ထင်စွာမော်ကွန်း
ကမ္ဘည်းမွန်းလျက်
တင့်ထွန်းဝေဖြာ
ဆဋ္ဌသင်္ဂါယနာ၏
မဟာအောင်ပွဲတွေ့
ခုနစ်ဆယ်ပြည့်ကို
ဓလေ့ထုံးစံ
တော်ဝင်ဟန်ဖြင့်
နတ်ဖန်အလား
မင်းမြတ်အားဖြင့်
တိုင်းသားပြည်သူ
လက်တွဲကူ၍
ညီတူဆင်နွဲ
မြတ်အောင်ပွဲသည်
မစဲ ရွှေမိုးရွာစေသော်။
ကြည်ဖြူတင်ကဲ
မြတ်အောင်ပွဲသည်
မလွဲ ငွေမိုးဖြာစေသော်။
ဂုဏ်ယူထင်စွဲ
မြတ်အောင်ပွဲသည်
မကျဲ ဓွေဖြိုးလာစေသော်။ ။

ဒေါက်တာစိုးသူရ

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ ချိတ်ဆက်မှုစနစ် ပြင်ဆင်သွယ်တန်းနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ (Underground Cable Network) ချိတ်ဆက်မှုစနစ် ပြင်ဆင်သွယ်တန်းနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၄)၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ဌာနမှူးနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာချုပ်တို့က တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ တည်ဆောက်တပ်ဆင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းညွှန်ချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး မာန်အောင်မြို့ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ် တက်ရောက်ဖွင့်လှစ်



**စစ်တွေ မေ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ မေ ၇ ရက် မွန်းလွဲပိုင်းက မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ခအုန်းမော်ကျေးရွာအုပ်စုတွင် မာန်အောင်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ဆိုလာစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မာန်အောင်မြို့ မူလတန်းကြိုကျောင်း၊ ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်ဖွင့်လှစ်ပြီး မြို့မဈေးရှိ ဟင်းသီးဟင်းရွက်ဈေးတန်းနှင့် သားငါးဈေးတန်း ဆောက်လုပ်နေမှုကိုလည်းကောင်း၊ မာန်အောင်မြို့နယ်အတွင်းရှိ MSME လုပ်ငန်းများဖြစ်သော မာန်အောင်ရတနာကုမ္ပဏီ၏ အုန်းနို့၊ အုန်းဆီနှင့် အုန်းသီးခြောက်မုန့် စက်ရုံကိုလည်းကောင်း သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံပြီး ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ- တင်ထွန်းဦး**

*စာမျက်နှာ ၇ မှ*

ထို့အပြင် MSME လုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ သမဝါယမစနစ်ဖြင့်သော်လည်းကောင်း၊ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် ဒေသတွင်း ထုတ်လုပ်မှုကို တိုးတက်စေမည်ဖြစ်ပါသည်။ ဒေသအလိုက် အသား၊ ငါးနှင့် စားသောက်ကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအားကို မျှတစေပြီး ကုန်ဈေးနှုန်း ကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ယင်းသည် ပြည်သူများ၏ နေထိုင်မှုစရိတ်ကို သက်သာစေပြီး လူမှုစီးပွားဘဝကို တိုးတက်စေမည့် အရေးပါသော အကျိုးကျေးဇူးတစ်ရပ် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များနှင့်အညီ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် MSME များ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန်အတွက် ဒေသတွင်း ကုန်ကြမ်းများကို အခြေခံကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ နည်းပညာနှင့် ရင်းနှီးမတည်ငွေများ လွယ်ကူစွာ ရရှိနိုင်ရေး၊ လိုအပ်သော သွင်းအားစုများနှင့် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များ စနစ်တကျ ထောက်ပံ့ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိပါသည်။ အဆိုပါအစီအစဉ်များသည် လွန်ခဲ့သောကာလများက နိုင်ငံတော်သမ္မတကြီး၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြို့ကြီးများ၌ ပြည်သူများနှင့် တွေ့ဆုံခဲ့သော တွေ့ဆုံပွဲ (၄၁) ကြိမ်၏ လမ်းညွှန်မှုများမှ ရရှိလာခြင်းဖြစ်ကာ လက်တွေ့အကျိုးရလဒ်များ ပေါ်ထွက်လာခြင်းဖြစ်ပြီး MSME ကဏ္ဍမှတစ်ဆင့် နိုင်ငံတော်စီးပွားရေးကို တည်ငြိမ်ခိုင်မာစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ ။

# ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲနောက်ဆုံးနေ့ လေ့လာကြည့်ရှုသူများ အထူးစည်ကား

နေပြည်တော် မေ ၁၀

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပတ်လမ်းတွင် မေ ၃ ရက်မှ ၁၀ ရက်အထိ အများပြည်သူလာရောက်လေ့လာနိုင်ရန် ပြသခဲ့သည်။**

ယနေ့သည် နောက်ဆုံးနေ့၊ အများပြည်သူ့ရုံးပိတ်ရက် ဖြစ်သည်နှင့် အညီ ရန်ကုန်မြို့ရှိ ကျောင်းတိုက်များမှ ရဟန်းသံဃာတော်များ၊ သီလရှင်စာသင်တိုက်များမှ သီလရှင်များ၊ သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ၊ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ လှိုင်၊ သန်လျင်၊ ခရမ်း၊ သာကေတ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရွှေပေါက်ကံမြို့နယ်တို့မှ လာရောက်ကြည့်ရှုသူပြည်သူများ အထူးစည်ကားလျက်ရှိရာ ပြပွဲနှင့်ပတ်သက်၍ ရှုမြင်သုံးသပ်မှု သဘောထားအမြင်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။


အရှင်ဝီရိယ


ဦးစိန်လင်း


ဦးတင်သိန်း


ကိုစိုးဝေလွင်


ဒေါ်ဆုနွယ်ဝင်း

**အရှင်ဝီရိယ**

**ရှင်မတောင်သရက္ခန်ကျောင်း**

**ရေစကြိုမြို့နယ်**

**မကွေးတိုင်းဒေသကြီး**

ဆဋ္ဌသင်္ဂါယနာတင် (နှစ် ၇၀ ပြည့်) အထိမ်းအမှတ်ပြပွဲမှာ ဆဋ္ဌသင်္ဂါယနာတင်ရာ သမိုင်းဝင်နေရာနဲ့ သာသနာ့သမိုင်း အသေးစိတ် အကြောင်းအရာတွေကို လေ့လာလိုက်ရတဲ့ အတွက် လူငယ်တွေ အတော်များများ သိသွားတယ်။ သာသနာအတွက်၊ နိုင်ငံအတွက်၊ မျိုးဆက်သစ်လူငယ်တွေအတွက် အလွန်အကျိုးကျေးဇူးကြီးပါတယ်။ ဒီကနေ့ ကမ္ဘာ့အနေအထားအရ တင်းမာမှုတွေ ခံစားချက်တွေ အလွန်များနေတဲ့အချိန်မှာ ဗုဒ္ဓရဲ့အဆုံးအမတွေကို သိရှိလိုက်နာကြမယ်ဆိုရင် မြန်မာပြည်အပါအဝင် တစ်ကမ္ဘာလုံး ငြိမ်းချမ်းလာမှာဖြစ်ပါတယ်။

အိန္ဒိယက သာသနာစတင်ခဲ့ထွန်းကားခဲ့ပေမယ့် မြန်မာနိုင်ငံလိုမျိုး ပရိယတ္တိ၊ ပဋိပတ္တိ အပြည့်အစုံမရှိတော့ဘူး။ မြန်မာနိုင်ငံမှာ သင်္ဂါယနာနှစ်ကြိမ် တင်ခွင့်ရခဲ့တယ်။ နှစ်ကြိမ်စလုံး တန်ဖိုးဖြတ်လို့မရဘူး။ ဘုန်းကံရှိတဲ့တိုင်းပြည်နဲ့ ဘုန်းကံရှိတဲ့ဒေသမှာ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ၊ ဦးဆောင်နိုင်စွမ်းရှိလို့သာသနာကြီး တည်တာပါ။ ဒါက သာသနာတော်အတွက် အလွန်အရေးကြီးတဲ့ မှတ်တမ်းမှတ်ရာတွေ ဖြစ်ပါတယ်။ နောင်လာနောက်သားတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေ ဖြစ်ပါတယ်။

**ဦးစိန်လင်း**

**ညွှန်ကြားရေးမှူး၊**

**သာသနာ့ရေးရာနှင့်**

**ဝိနိစ္ဆယဌာနခွဲ၊**

**သာသနာရေးဦးစီးဌာန**

ပဉ္စမသင်္ဂါယနာနဲ့ ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံမှာ ကျင်းပခဲ့တာဖြစ်လို့ မြန်မာနိုင်ငံသား ရဟန်းရှင်လူပြည်သူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိခဲ့ပါတယ်။ သင်္ဂါယနာ အဆင့်ဆင့်တင်လာတဲ့ အကျိုးဆက်တွေကြောင့် ထေရဝါဒနိုင်ငံအနေနဲ့ ဆဋ္ဌမူအဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ပြောရရင် ဒီဆဋ္ဌသင်္ဂါယနာ နှစ်(၇၀)ပြည့် အောင်ပွဲက ပရိယတ္တိစာပေဆိုင်ရာ





သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွေ အနေနဲ့ သာသနာတော်ကို ကမ္ဘာတည်သရွေ့ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားမှာ ဖြစ်တယ်။ ဒီဆဋ္ဌ သင်္ဂါယနာ နှစ်(၇၀)ပြည့် အောင်ပွဲကိုနိုင်ငံတော်အကြီးအကဲတွေရဲ့ မျှော်မှန်းမှု၊ သာသနာအတွက် အထင်ကရဖြစ်တာကြောင့် ကျင်းပဖို့ ကုသိုလ်စိတ်တွေနဲ့ စီစဉ်ဆောင်ရွက်ခဲ့တယ်။ သဘာပတိ ဆရာတော်တွေရဲ့ အမေးအဖြေတွေက လွန်ခဲ့တဲ့ နှစ် (၇၀)ပြည့်က ပုံရိပ်တွေကို ပြန်လည်ထင်ဟပ်စေပြီး ကြည်ညိုစရာ ကြည်နူးကုသိုလ် သဒ္ဓါတရားပွားရပါတယ်။ ရဟန်းရှင်လူပြည်သူအများလည်း ထပ်တူရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးတင်သိန်း**

**ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ၊**

**သာသနာရေးဦးစီးဌာန**

ကျွန်တော်တို့ သာသနာရေးဦးစီးဌာနက နေ့စဉ်ပြခန်းတွေမှာ တာဝန်ချထားပြီး ပြကွက်တစ်ကွက်ချင်းစီအလိုက် ရဟန်းရှင်လူပြည်သူတွေကို ရှင်းလင်းပြသပေးပါတယ်။ ရဟန်းရှင်လူပြည်သူအများလည်း အားတက်သရော ကြည်ညိုသဒ္ဓါပွားတဲ့အတွက် ပီတိဖြစ်ရပါတယ်။ ဗုဒ္ဓသာသနာတော်ကြီး နေလိုလလို ထွန်းလင်းတောက်ပပြီး အများပြည်သူတွေ ကြည်ညိုသဒ္ဓါတရားပွားများ ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။

**ကိုစိုးဝေလွင်**

**မရမ်းကုန်းမြို့နယ်**

မြန်မာနိုင်ငံမှာ သင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းဝင်နေရာနဲ့အချက်အလက် ပြခန်းပြကွက်တွေက တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ အများကြီးရတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ ဒီလိုပြပွဲတွေ ပြသပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ဆုနွယ်ဝင်း**

**ဒဂုံဆိပ်ကမ်းမြို့နယ်**

စာပေထဲမှာ ဖတ်ရတာက ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ ကမ္ဘာအေးကုန်းမြေက ပထမ သင်္ဂါယနာတင်ခဲ့တဲ့ အိန္ဒိယနိုင်ငံက သတ္တပဏ္ဏိလိုဏ်ဂူနဲ့ ပုံစံတူတည်ဆောက်ထားတာဖြစ်တဲ့အတွက် ကျွန်မတို့အနေနဲ့ ပထမသင်္ဂါယနာကို မမီခဲ့သလို၊ အိန္ဒိယနိုင်ငံကို မသွားရောက်နိုင်သေးတဲ့အတွက် ဒီဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူကြီးက ပထမသင်္ဂါယနာကိုပါ အမှတ်ရစေပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)အထိမ်းအမှတ် အခမ်းအနားမှာ ဆရာတော်ကြီးတွေ ဆဋ္ဌသင်္ဂါယနာတင်တာကို ကျွန်မတို့ ကြည်ညိုခွင့်ရခဲ့တယ်။ ခေတ်အဆက်ဆက် တင်ခဲ့သမျှ သင်္ဂါယနာမှာ ကျွန်မတို့ မမီခဲ့ဘူး။ စာပေ ကနေတစ်ဆင့်ပဲ လေ့လာခဲ့ရတယ်။ အခု ဆရာတော်ကြီးတွေ သင်္ဂါယနာတင်တာ ဒီလိုပါလားဆိုပြီး ကြည်ညိုခွင့်၊ နာယူခွင့်ရတယ်။ အခုလို လာရောက်လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတအများကြီး ရပါတယ်။

**သတင်းအဖွဲ့**

## တောင်ငူခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေး တွေ့ဆုံဆွေးနွေး

**တောင်ငူ မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ တောင်ငူခရိုင်အတွင်းရှိ လူဦးရေ၏ ၇၅ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အဓိကပံ့ပိုးကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း လိုအပ်သည့်ကဏ္ဍများအလိုက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက တောင်ငူခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုမှသည် နိုင်ငံ့စီးပွားတိုးတက်ရေးဆီသို့

**မွန်ပြည်နယ် မုဒုံမြို့ရှိ ဦးမောင်မောင်လွင်၏ ရော်ဘာခြံအတွင်း ပင်စည်လုံးပတ် လက်မ ၂၀ ကျော် ရော်ဘာပင်များက စီစီရီရီ ရှင်သန်ဖြစ်ထွန်းနေသည်။ တစ်ရက်ခြစ်တစ်ရက်နားစနစ်၊ တစ်ရက်ခြစ် နှစ်ရက်နားစနစ်တို့ဖြင့် ရော်ဘာအစေးခြစ်နေပြီဖြစ်၍ ဝင်ငွေရရှိနေပြီလည်းဖြစ်သည်။ အရည်အသွေးမြင့် ရော်ဘာရရှိစေရန်အတွက် အစေး စုစည်းသိမ်းဆည်းမှုကို သန့်စင်စနစ်ကျစေရန် ဦးမောင်မောင်လွင် ဦးစီးသော ခြံလုပ်သားအဖွဲ့က တက်ညီလက်ညီ လုပ်ဆောင်နေကြသည်။**

ဗညားဦး

> ❖ **“၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ မြန်မာနိုင်ငံမှာ ရော်ဘာစိုက်ဧရိယာ စုစုပေါင်း ၁၆၄၁၄၇၄ ဧက ရှိလာပြီး အစေးခြစ်ဧရိယာ စုစုပေါင်း ၁၀၆၅၁၅၇ ဧကကနေ ရော်ဘာတန်ချိန် သုံးသိန်းငါးသောင်းကျော် ၃၅၂၈၈၈ ဒသမ ၆၃ တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးဧရိယာတွေက နှစ် ၃၀ ကျော်ရှိ စီးပွားရေးသက်တမ်းလွန် ပင်အိုတွေကို “စံ” သတ်မှတ်ချက် (SOPs)နဲ့အညီ ခုတ်လှဲပြီး ဌာနက ထောက်ခံထားတဲ့ အထွက်ကောင်း၊ အရည်အသွေးကောင်း ရော်ဘာမျိုးတွေနဲ့ အစားထိုးစိုက်ပျိုးသွားဖို့ စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိ**

“ကျွန်တော်က ရော်ဘာဧက ၂၀ စိုက်ပျိုးထားပါတယ်။ အခု အစေးခြစ်နေရပြီဖြစ်တဲ့အတွက် ဝင်ငွေရရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်အပါအဝင် ကျွန်တော့်ခြံက လုပ်သားတွေဟာ စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲက ဖွင့်လှစ်တဲ့ ရော်ဘာအစေးခြစ် သင်တန်းတွေ တက်ရောက်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် သင်တန်းက သင်ကြားပေးတဲ့ အစေးခြစ်နည်းစနစ်တွေအတိုင်း အစေးခြစ်လုပ်ငန်းကို စနစ်တကျဆောင်ရွက်ပါတယ်”ဟု ဦးမောင်မောင်လွင် က ပြောသည်။

အပူချိန်မြင့်မားပါက အစေးထွက်နှုန်း လျော့ကျနိုင်သည့်အတွက် အလင်းရောင်မလာမီအချိန်တွင် အစေးခြစ်လုပ်ငန်းကို အားစိုက်လုပ်ဆောင်ကြသည်။ အစေးခြစ်လုပ်ငန်းစဉ်တွင် အသုံးပြုသည့် ခွက်များ၊ ပုံးများက သန့်စင်မှုရှိရပြီး လုပ်ငန်းခွင်တွင် အသုံးပြုရသည့် အစေးခြစ် ဓား၊ ဓွန်း၊ အစေးခံခွက်၊ ချိတ်၊ ကြိုး၊ ပလိုင်း၊ ခေါင်းမီး၊ ထမ်းတံပိုးနှင့် ရေပုံးများကို ပြည့်စုံအောင် ကြိုတင်စီမံ၍ လုပ်ငန်းခွင် ဝင်ရောက်ရသည်။

## မွန်ပြည်နယ်သည် ရော်ဘာ တန်ချိန် ၁၂ သိန်းကျော် ထုတ်လုပ်လျက်ရှိ

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၌ ရော်ဘာအများဆုံး စိုက်ပျိုးသော ပြည်နယ်ဖြစ်ပြီး လက်ရှိတွင် ရော်ဘာစိုက်ဧက ငါးသိန်းကျော်ရှိကာ ရော်ဘာတန်ချိန် ၁၂ သိန်းကျော် ထုတ်လုပ်လျက်ရှိသည်။ ပြည်နယ်အတွင်းမှ ထွက်ရှိသည့် ရော်ဘာ ၉၀ ရာခိုင်နှုန်းခန့်ကို နှစ်စဉ် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပြီး ကျန်ရော်ဘာများ ပြည်တွင်းအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများတွင် သုံးစွဲကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရော်ဘာအများအပြား စိုက်ပျိုးပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့တွင်လည်း စိုက်ပျိုးသည်။ နိုင်ငံအတွင်းမှ ရော်ဘာထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး မလေးရှား၊ ကိုရီးယား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဗီယက်နမ်စသည့် နိုင်ငံများသို့ တင်ပို့ ရောင်းချလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရော်ဘာတန်ချိန် သုံးသိန်းခန့် တင်ပို့ရန် ရည်မှန်းထားပြီး ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းအရ ပြည်ပတင်ပို့နိုင်မှုအနေဖြင့် ရော်ဘာတန်ချိန် ၃၃၃၃၆၇ တန် (ပင်လယ်ရေကြောင်း + နယ်စပ်) ရှိခဲ့ကာ အမေရိကန် ဒေါ်လာသန်း ၅၁၉ ဒသမ ၈၃၉ ဝင်ငွေရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ရော်ဘာပင်သည် နှစ်ရှည်သီးနှံဖြစ်သည့်အတွက် စိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီသည့် အစေးထွက်နှုန်းကောင်းပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသည့်မျိုးကို ရွေးချယ်စိုက်ပျိုးရန် အရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရော်ဘာကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပေးနိုင်ရန် ရည်မှန်းချက်များထားရှိပြီး အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက မြန်မာနိုင်ငံ၏ မိုးရွာသွန်းသော အခြေအနေအပေါ် အခြေခံ၍ စိုက်ပျိုးသင့်သည့် ရော်ဘာမျိုးများကို သုတေသနပြု စမ်းသပ်လေ့လာပြီးဒေသအလိုက် စိုက်ပျိုးသင့်သည့်ရော်ဘာမျိုးများ၊ စိုက်ပျိုးနည်းစနစ်များကို ရော်ဘာစိုက်တောင်သူများထံ နည်းပညာပေးခြင်း၊ အသိပညာပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ မိုးရေချိန်လက်မ ၁၈၀ - ၂၀၀ မိုးများပြီး ခြောက်သွေ့သည့် တနင်္သာရီ၊ မွန်၊ ကရင်၊ ရခိုင်ပြည်နယ်တို့တွင် BPM - 24၊ RRIC - 100၊ RRIM - 717၊ PB - 260၊ PB - 235၊ မိုးရေချိန် လက်မ ၁၀၀-၁၂၀ မိုးအသင့်အတင့်ရှိပြီး ပူပြင်းခြောက်သွေ့သည့် ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် PB - 260၊ RRIM - 717၊ PB - 235၊ RRIM - 623၊ GT - 1၊ မိုးရေချိန် လက်မ ၅၀ - ၆၀ မိုးနည်းပြီး အေးမြသည့် ကချင်၊ ရှမ်း တောင်တန်းဒေသများတွင် RRIM - 600၊ GT - 1၊ PR - 255၊ PR - 107၊ RRIM-623 တို့ကို စိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနက အကြံပြုထားသည်။

**“၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ မြန်မာနိုင်ငံမှာ ရော်ဘာစိုက်ဧရိယာ စုစုပေါင်း ၁၆၄၁၄၇၄ ဧက ရှိလာပြီး အစေးခြစ်ဧရိယာ စုစုပေါင်း ၁၀၆၅၁၅၇ ဧကကနေ ရော်ဘာတန်ချိန် သုံးသိန်းငါးသောင်းကျော် ၃၅၂၈၈၈ ဒသမ ၆၃ တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးဧရိယာတွေက နှစ် ၃၀ ကျော်ရှိ စီးပွားရေးသက်တမ်းလွန်ပင်အိုတွေကို “စံ” သတ်မှတ်ချက် (SOPs) နဲ့အညီ ခုတ်လှဲပြီး ဌာနက ထောက်ခံထားတဲ့ အထွက်ကောင်း၊ အရည်အသွေးကောင်း ရော်ဘာမျိုးတွေနဲ့ အစားထိုးစိုက်ပျိုးသွားဖို့ စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်”** ဟု စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ မြတ်သူက ပြောသည်။

ရော်ဘာသည် အခြားရာသီပေါ် သီးနှံနှင့်မတူဘဲ ကာလရှည် ငွေကြေးရင်းနှီးမြှုပ်နှံကာ ရေရှည်ရင်းနှီးရသည့်အတွက် စရိတ်ကုန်ကျမှုရှိသည်။ သို့သော် တစ်ကြိမ် စိုက်ပျိုးရုံမျှဖြင့် နှစ် ၃၀ အထိ အကျိုးအမြတ် ခံစားခွင့် ရရှိနိုင်သည့် သီးနှံလည်းဖြစ်သည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာတွင် အစေးရည် အပျစ် (Rubber Concentrated Latex)၊ မှိုင်းခံရော်ဘာ (Ribbed Smoked Sheet-RSS) နှင့် Technically Specified Rubber (TSR) ဟူ၍ အမျိုးအစား သုံးမျိုး ထုတ်လုပ်ကြပြီး မြန်မာနိုင်ငံတွင် RSS နှင့် TSR နှစ်မျိုးဖြင့် ရော်ဘာထုတ်လုပ်လျက်ရှိသည်။ ယခုအခါ Myanmar Standard Rubber - MSR များဖြစ်သည့် MSR-5၊ MSR-10၊ MSR-20 တို့ကို သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း သိရသည်။

နှစ်ရှည်သီးနှံဌာနခွဲရှိ သဘာဝရော်ဘာစမ်းသပ်ဓာတ်ခွဲခန်းသည် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုရေးစင်တာ၊ အရည်အသွေးနှင့် အသိအမှတ်ပြုဌာန (Center for International Accreditation-CIA၊ Quality and Accreditation Institute-QAI) မှ ပေးအပ်သည့် စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ISO/IEC 17025:2017 ရရှိထားပြီး နိုင်ငံခြားတင်ပို့မည့် RSS၊ TSR ရော်ဘာများ၏ ဓာတု၊ ရူပ စစ်ဆေးချက်များကို ထုတ်ပေးလျက်ရှိသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ RSS စက်ရုံ၊ TSR စက်ရုံ၊ ရော်ဘာ အခြေခံ ထုတ်ကုန်ပစ္စည်းစက်ရုံများ၊ ပြင်ပတင်ပို့ ရော်ဘာများအား ရော်ဘာအရည်အသွေး စစ်ဆေးနိုင်ရန် အထောက်အကူပြုလျက်ရှိသည်။

ထို့ပြင် နှစ်ရှည်သီးနှံဌာနခွဲအနေဖြင့် ယနေ့ခေတ်စားလာသည့် ရော်ဘာအစေးနှင့် သစ်ထွက်ကောင်းသော Latex Timber Clone များကို ဆက်လက်ထောက်ခံပေးနိုင်ရန်အတွက် သုတေသနများ လုပ်ဆောင်လျက်ရှိသည်။ ရော်ဘာ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် ရည်ရွယ်ပြီး ရော်ဘာပင်အို ခုတ်လှဲ၍ ပြန်လည်စိုက်ပျိုးမည့် တောင်သူများအား ရော်ဘာသစ်စက်ရုံနှင့် ပူးပေါင်းကာ ရော်ဘာမျိုးကောင်းမျိုးသန့်များကို သက်သာသောဈေးနှုန်းဖြင့် နှစ်ရှည်သီးနှံဌာနခွဲက ဖြန့်ဖြူးထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

## သဘာဝရော်ဘာထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်

ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လာကြပြီး ကမ္ဘာ့တာယာကုမ္ပဏီကြီးများက တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရေရှည်တည်တံ့သော သဘာဝရော်ဘာထုတ်လုပ်ရေး (Sustainable Natural Rubber-SNR) လမ်းကြောင်းကို ဆောင်ရွက်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း သဘာဝရော်ဘာထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ ရော်ဘာအသင်းအဖွဲ့များဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (International Rubber Research and Development Board-IRRDB) သို့ ၂၀၁၈ ခုနှစ်တွင် လည်းကောင်း၊ သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်သော နိုင်ငံများအသင်း (Association of Natural Rubber Producing Countries-ANRPC)သို့ ၂၀၁၈ ခုနှစ်တွင် လည်းကောင်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားပြီး သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

IRRDB အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းပြီး ၂၀၁၆ ခုနှစ်မှ စတင်၍ ရော်ဘာမျိုးသစ် ၃၁ မျိုးအား ပြည်တွင်းသို့ တင်သွင်းကာ စမ်းသပ်သုတေသနပြု စိုက်ပျိုးလျက်ရှိသည်။ ထို့အတူ ANRPC နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ရေရှည်တည်တံ့သော သဘာဝရော်ဘာထုတ်လုပ်ရေး လမ်းညွှန် (Sustainable Natural Rubber-SNR) မူကြမ်းကို ရေးဆွဲထားပြီးဖြစ်သည်။

သဘာဝရော်ဘာ အဓိက စိုက်ပျိုးထုတ်လုပ်သူများဖြစ်သည့် ခြံငယ်ရှင်များ နည်းစနစ် မှန်ကန်စွာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ရော်ဘာများ ထုတ်လုပ်နိုင်ရန်၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းများကြောင့် သဘာဝသစ်တောများ ပြုန်းတီးယိုယွင်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ပျက်စီးဆုံးရှုံးခြင်းများ မရှိစေရန်၊ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ပါဝင်နေသော လူမှုဘဝများ ကောင်းမွန်လုံခြုံမှုရှိစေရန်နှင့် ကွင်းဆက်တစ်လျှောက် ရော်ဘာလုပ်ငန်းများ ဥပဒေနှင့်အညီ နောက်ခံသတင်းအချက်အလက်များ ချိတ်ဆက်ခြေရာခံနိုင်မှုနှင့် ပွင့်လင်းမြင်သာမှုရှိပြီး မှန်ကန်မျှတသည့် သဘာဝရော်ဘာဈေးကွက်ကို ကျင့်သုံးနိုင်ရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။

**“ရော်ဘာစိုက်ပျိုးသူတောင်သူတွေ ဝင်ငွေတိုးတက်ဖို့နဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ဖို့၊ ဈေးကွက်ဝင် ရော်ဘာ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ ပင်အို အစားထိုး စိုက်ပျိုးနိုင်ဖို့ ရာသီဥတု ရေမြေဒေသနဲ့ ကိုက်ညီတဲ့ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ ထုတ်လုပ်ဖြန့်ဖြူးပေးတာ၊ ပုဂ္ဂလိကကဏ္ဍက ထုတ်လုပ်ဖြန့်ဖြူးနိုင်ဖို့ နည်းပညာပေးပြီး ပူးပေါင်းကူညီဆောင်ရွက်ပေးတာ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြင့်မားဖို့နဲ့ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်တဲ့ အရည်အသွေးပြည့်ဝတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေတိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် သုတေသနလုပ်ငန်းတွေ စဉ်ဆက်မပြတ်ဆောင်ရွက်တာ၊ ရော်ဘာသီးနှံစိုက်ပျိုးခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းတွေ တိုးတက်အောင် ဆောင်ရွက်တာ၊ စိုက်ပျိုးပညာပေးရေးလုပ်ငန်းတွေ ထိရောက်စွာ ဆောင်ရွက်တာစသဖြင့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဌာနက ဖော်ဆောင်လျက်ရှိပါတယ်”** ဟု ညွှန်ကြားရေးမှူး ဒေါက်တာ မြတ်သူက ရှင်းပြသည်။

## ရော်ဘာစိုက်ပျိုးရေးတွင် ခြံငယ်များသည် အဓိကကျသည့်နေရာမှ ပါဝင်

ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် ပုဂ္ဂလိကလုပ်ငန်းငယ်များက ရော်ဘာထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများတွင် ပါဝင်နေသည်။ ထို့အတွက် ၉၀ ရာခိုင်နှုန်းကျော်ရှိသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် MSME လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ရော်ဘာစိုက်ပျိုးရေးတွင် ခြံငယ်များသည် အဓိကကျသည့်နေရာမှ ပါဝင်နေပြီး စိုက်ပျိုး ဧရိယာ ၅ ဧကအောက် ၁၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ ၅ ဧကမှ ဧက ၂၀ အကြား ၃၇ ဒသမ ၇၆ ရာခိုင်နှုန်း၊ ဧက ၂၀ နှင့် ၅၀ အကြား ၂၀ ဒသမ ၅၀ ရာခိုင်နှုန်း တည်ရှိသည်။

*စာမျက်နှာ ၁၁ သို့*

# မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး စည်ပင်သာယာရေးအဖွဲ့များနှင့်တွေ့ဆုံ

**မော်လမြိုင် မေ ၁၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ သန့်ရှင်းသာယာလှပစေရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့များနှင့်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့အင်္ဂါရပ်နှင့် ကိုက်ညီရေးအတွက် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အထူးအလေးထား ဆောင်ရွက်ကြရန်၊ မြို့ပြသွင်ပြင်လက္ခဏာပေါ်လွင်ရေး၊ အများပြည်သူ စိတ်ချမ်းမြေ့စွာ နေထိုင်သွားလာနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ မော်လမြိုင်မြို့ အတ္တရံရေသန့်စင်စက်ရုံသို့ သွားရောက်၍ အတ္တရံမြစ်ရေကို ရေတင်စက်များဖြင့် တွန်းပို့၍ အဆင့်ဆင့်ရေသန့်စင် ဆောင်ရွက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)





# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျွန်းစုမြို့နယ်နှင့် မြိတ်မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု ကြည့်ရှု

**မြိတ် မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ယမန်နေ့နံနက်ပိုင်းက ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမတွင် ကျွန်းစုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ကတ္တာလူကျေးရွာရှိ ပြည်ဖြိုးထွန်းကုမ္ပဏီလီမိတက်၏ ၂၄ နာရီ ဆိုလာဘက်ထရီစနစ် တည်ဆောက်၍ မီးစက်ရုံများနှင့် ဆိုလာပြားများ တပ်ဆင်နေမှုကို ကြည့်ရှုအားပေးပြီး အထက (ကတ္တာလူ)၊ မူလတန်းလွန် (ထိန်ချောင်း) နှင့် အလက (မရမ်းချောင်း) ကျောင်းများအတွက် အလှူငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသို့ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်၍ သင်တန်းသား သင်တန်းသူများ လေ့လော်ရွက်တိုက် ဘာသာရပ် သင်ကြား လေ့ကျင့်နေမှု၊ မြိတ်မြို့နယ် ကယင်းကျေးရွာတွင် ဖိုးလမင်းရောင်ဝယ်ရေး ကုမ္ပဏီလီမိတက်၏ TUBLESS မော်တော်ဆိုင်ကယ် တာယာစက်ရုံ တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်နေမှု၊ ကျောက်ဖျာကျေးရွာရှိ OK ရတနာဆန်စက် လည်ပတ်ဆောင်ရွက်နေမှု၊ ဒေသထွက်စပါးများကို အခြောက်ခံမှု၊ ကြိတ်ခွဲမှု၊ သန့်စင်မှုနှင့် ဒေသတွင်းဖြန့်ဖြူးရောင်းချရန် ထုပ်ပိုးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ကြီးစောင့်ရှောက်ရေးဂေဟာ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့တွင် ရန်ကုန်မြို့ ထောက်ကြန့်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ မသန်စွမ်းသက်ကြီးစောင့်ရှောက်ရေးဂေဟာ၌ မသန်စွမ်းသူ အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၃၃ ဦး လက်ခံစောင့်ရှောက်ထားမှု၊ အိပ်ဆောင်များ၊ လက်မှုသင်ကြားခန်း၊ ဆေးပေးခန်း၊ ထမင်းစားခန်းနှင့် မီးဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို စေတနာထားဆောင်ရွက်နေကြသော ဝန်ထမ်းများဖြစ်သည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် မသန်စွမ်းသူအားလုံးကို ခွဲခြားဆက်ဆံမှုလျော့နည်းပပျောက်ရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး ကလေးများအတွက် စားစရိတ်အလှူငွေနှင့် ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နေ့စဉ် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

*စာမျက်နှာ ၁၀ မှ*

အချို့သော ရော်ဘာစိုက်ပျိုးသူများက အရည်အသွေးမြင့်ရော်ဘာကို စိုက်ပျိုးထုတ်လုပ်နေသော်လည်း ဈေးကောင်းပေးဝယ်ယူမှုနည်းပါးပြီး အရည်အသွေးနိမ့်သော ရော်ဘာကို ဈေးနှိမ်ဝယ်ယူမှုများကများပြားနေသည်။ တစ်ဖက်မှလည်း ရော်ဘာခြံငယ်များသည် ဈေးကွက်မီ ရော်ဘာ၊ အရည်အသွေးကောင်း ရော်ဘာထုတ်လုပ်ရန် အခက်အခဲများရှိနေသည်။ ဓာတ်မြေသြဇာဈေးနှုန်း ကြီးမားခြင်း၊ ကျွမ်းကျင်အစေးခြစ် လုပ်သားရှားပါးခြင်းတို့က ရော်ဘာထုတ်လုပ်ရေးလုပ်ငန်းစဉ်ကို ထိခိုက်စေသည်။ ထို့ပြင် အရည်အသွေးမပြည့်မီသော ပျိုးပင်ကို စိုက်ပျိုးခြင်းကြောင့် ရော်ဘာပင်ထိန်းသိမ်းကာလ (Immature Period)ကို ရှည်ကြာကာ အစေးခြစ်ချိန်တွင်လည်း တစ်ဧကတွင်ရှိရမည့် အပင်ဦးရေလျော့နည်းစေပြီး အထွက်နှုန်း လျော့ကျနိုင်သည်။

**မြန်မာ့ရော်ဘာ အရည်အသွေးမြင့်မားလာစေရန်အတွက် BPM 24 နှင့် PB 260 ကဲ့သို့သော အထွက်နှုန်းကောင်းသည့် မျိုးသစ်များကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်သကဲ့သို့ ခေတ်မီ ရော်ဘာသန့်စင်စက်ရုံများ ပိုမိုပေါ်ပေါက်လာရန် လိုအပ်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်း၌ ရော်ဘာအခြေခံသည့် တာယာနှင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးလာပါက ရော်ဘာကို ကုန်ကြမ်းအတိုင်း တင်ပို့ရခြင်းထက် ပိုမိုမြင့်မားသော တန်ဖိုးမြှင့် (Value-added) ဝင်ငွေများကို ရရှိနိုင်မည်ဖြစ်သည်။**

မြန်မာ့ရော်ဘာကဏ္ဍသည် စနစ်တကျ စီမံခန့်ခွဲပြီး နည်းပညာ မြှင့်တင်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည့် **“အလားအလာကောင်းများစွာ ပိုင်ဆိုင်ထားသော စိုက်ပျိုးစီးပွားကဏ္ဍ”** တစ်ခုဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့်အတူ မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု၊ ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးနိုင်သော ကျွမ်းကျင်ပညာရှင်များ၏ ပါဝင်မှု၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ပြည်တွင်းရှိ ရော်ဘာလုပ်ငန်းရှင်များနှင့် ရော်ဘာစိုက်ပျိုးသူများ စုပေါင်းပါဝင်မှုတို့ဖြင့် မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုများမှ နိုင်ငံ့စီးပွား ဆပွားတိုးတက်မှုရရှိစေရေး ရည်ရွယ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **“ မြန်မာ့ရော်ဘာ အရည်အသွေးမြင့်မားလာစေရန်အတွက်** BPM 24 **နှင့်** PB 260 **ကဲ့သို့သော အထွက်နှုန်းကောင်းသည့် မျိုးသစ်များကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်သကဲ့သို့ ခေတ်မီ ရော်ဘာသန့်စင်စက်ရုံများ ပိုမိုပေါ်ပေါက်လာရန် လိုအပ်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်း၌ ရော်ဘာအခြေခံသည့် တာယာနှင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးလာပါက ရော်ဘာကို ကုန်ကြမ်းအတိုင်း တင်ပို့ရခြင်းထက် ပိုမိုမြင့်မားသော တန်ဖိုးမြှင့်** (Value-added) **ဝင်ငွေများကို ရရှိနိုင်မည်ဖြစ်သည် ”**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



**နေပြည်တော် မေ ၁၀**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မိုးကုတ်၊ သပိတ်ကျင်း ဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ် တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ အထူးနေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆီထွက်သီးနှံနေကြာအထွက်တိုးရေးအတွက် ပျားမွေးမြူရေးနှင့်တွဲဖက်လုပ်ကိုင်ရေး အသိပညာပေး

**ရေဦး မေ ၁၀**

ရေဦးမြို့နယ်အတွင်း တောင်သူများအား ဆီထွက်သီးနှံနေကြာ အထွက်တိုးရေးအတွက် ပျားမွေးမြူရေး တွဲဖက်လုပ်ကိုင်ရေး အသိပညာပေး ရှင်းလင်းခြင်းကို ယမန်နေ့က ရေဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းသူရက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်းက ဆီထွက်သီးနှံနေကြာနှင့် ပျားမွေးမြူရေးကို တွဲဖက်လုပ်ကိုင်ရန်နှင့် သီးနှံအထွက်တိုးရေး အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဝတ်မှုန်ကူးခြင်းဆိုင်ရာ အသိပညာများ၊ ပျားမွေးမြူခြင်းဆိုင်ရာ အသိပညာများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် တောင်သူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ဒုတိယ ဦးစီးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ကမမောင်းမြို့၌ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေး

**ကမမောင်း မေ ၁၀**

ကရင်ပြည်နယ် ကမမောင်းမြို့၌ ဖာပွန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက် (၁၀၀) စီမံချက်ဖြင့် ယနေ့နံနက်ပိုင်းတွင် ကမမောင်းမြို့ အမှတ်(၂) ရပ်ကွက်၊အမှတ်(၄)ရပ်ကွက်၊ ညီညာအေးချမ်းရပ်ကွက်နှင့် အုန်းတောကျေးရွာအတွင်းရှိ နွားမွေးမြူရေးခြံများ၌ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကာကွယ်ဆေးများထိုးနှံရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရဲထက်အောင်နှင့် ဝန်ထမ်းများက ကျွဲ၊ နွား ကောင်ရေ ၂၀၀ ကို ကျွဲနွားလည်ချောင်းကွဲရောဂါ ကာကွယ်ဆေး၊ ကြက်ကောင်ရေ ၈၀၀ ကို ကြက်လည်လိမ်ရောဂါကာကွယ်ဆေးမျက်စဉ်းခတ်ပေးခြင်းနှင့် ဝက်ကောင်ရေ ၅၀ ကို ဝက်ဝမ်းကျရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ကမမောင်း(ပြန်/ဆက်)



## ရွှေတောင်မြို့နယ်၌ ကျွဲ၊ နွားများအား ရောဂါကာကွယ်ဆေးများထိုးနှံပေး



**ရွှေတောင် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရက် (၁၀၀) စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးချမ်းဝင်း ဦးဆောင်မှုဖြင့် ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက နွားခြံကုန်းကျေးရွာအုပ်စုအတွင်းရှိ နွားကောင်ရေ ၃၂၁ ကောင်ကို ကျွဲနွားပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခဲ့ပြီး ကျေးရွာအတွင်းရှိ ဒေသကြက်များကိုလည်းကြက်လည်လိမ်ရောဂါကာကွယ်ဆေး မျက်စဉ်းခတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ကိုကိုမင်း(ပြန်/ဆက်)

## ၂၀၂၆ ခုနှစ် မေလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသောအမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင် အောက်ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကလေးမြို့နယ်ရှိ ဒေသခံစိုက်ပျိုးရေး တောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ



**မုံရွာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့နံနက်ပိုင်းတွင် ကလေးမြို့ မင်္ဂလာရပ်ကွက်ရှိ တောင်သူဦးအဲလင်း စိုက်ပျိုးထားရှိသည့် ဆင်းသုခ နွေစပါး ငါးဧကအတွင်း စုပေါင်းမျိုးကွဲပယ်ခြင်း ကွင်းသရုပ်ပြသပွဲကို ကြည့်ရှုအားပေးပြီး ဒေသခံ တောင်သူများအား မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် ကလေးမြို့ ဖောင်ကူးကျေးရွာရှိ ဒေသနွားနှင့် နို့စားနွားမွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကလေးမြို့နယ်ရှိ ဒေသခံစိုက်ပျိုးရေး တောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားများသို့ တက်ရောက်အမှာ စကားပြောကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လမ်းမတော်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကွင်းဆင်းဆောင်ရွက်



**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်မရှိသေးသူများအား ဆောင်ရွက်ပေးခြင်းကို မေ ၈ ရက် နံနက် ၁၀ နာရီက လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျောက်တံတား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး ပြည်သူများ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## မင်းဘူး(စကု)မြို့နယ်၌ မွေးမြူရေး အသိပညာပေး၍ ကာကွယ်ဆေးထိုးနှံပေး

**မင်းဘူး မေ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲနွားတိရစ္ဆာန်များအား ကူးစက်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း လုပ်ငန်းများကို မေ ၈ရက်က မယ်ဘော့ကုန်းကျေးရွာ ဓမ္မာရုံနှင့် ရေပုတ်ကျေးရွာတို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲနန္ဒက မယ်ဘော့ကုန်းကျေးရွာမှ နွားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးနှင့် တွေ့ဆုံ၍ ကူးစက်ရောဂါကာကွယ်ဆေး များ ထိုးနှံပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ပျော်ဘွယ်မြို့နယ်အတွင်းရှိ တောင်သူများထံသို့ ဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချ

**ပျော်ဘွယ် မေ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပျော်ဘွယ် မြို့နယ်တွင် နွေစပါးစိုက် တောင်သူများထံသို့ ယူရီးယား ဓာတ်မြေဩဇာများကို သက်သာ သောဈေးနှုန်းဖြင့် မေ ၈ ရက် နံနက်ပိုင်းက ယင်းတော်မြို့မ ကျေးရွာ၌ ဖြန့်ဖြူးရောင်းချ ခဲ့သည်။

**ဖြန့်ဖြူးရောင်းချ**

ဓာတ်မြေဩဇာ စုပေါင်း ဖြန့်ဖြူးရောင်းချရာတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက အမှာစကားပြောကြားပြီး မြို့နယ် အတွင်းရှိ နွေစပါးစိုက်ဧက ၃၀၀ အတွက် အားအင်သစ်



ယူရီးယား ဓာတ်မြေဩဇာအိတ် ၃၀၀ ကို ဖြန့်ဖြူးရောင်းချပေးခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သက်တန့်ရောင်စီမံကိန်းမှ လုပ်ငန်းစဉ်များအား အသင်းသားတောင်သူများနှင့် တွေ့ဆုံရှင်းလင်း

**ချောင်းဆုံ မေ ၁၀**

ချောင်းဆုံမြို့နယ် သမဝါယမဦးစီးဌာန၌ ရက်(၁၀၀)စီမံချက်ကာလ အတွင်း သက်တန့်ရောင်စီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မည့် ပန်းကမ္ဘာဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ ဒေါင်းရပ်အရှေ့ လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမ အသင်း၊ စိန်ပန်းခိုင်လယ်ယာနှင့်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်း (၃)သင်းရှိ မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူ များအား လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးမည်ဖြစ်ရာ လုပ်ငန်းစဉ် များ၊ SOPနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းကောင်းမွန်၍ စနစ်ကျသော စိုက်ပျိုး နည်း စနစ်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်သမဝါယမ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ နယ်မြေတာဝန်ခံ ဦးဆောင် ၍ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အသင်းသား တောင်သူများနှင့် တွေ့ဆုံရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စဉ့်ကိုင်မြို့နယ်၌ ပျားမွေးမြူရေးဆိုင်ရာ ပညာပေးရှင်းလင်းပွဲကျင်းပ

**စဉ့်ကိုင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေး ဌာနခွဲမှ ဒေသခံတောင်သူများ ပျားအိမ် အမျိုးအစားအလိုက် ရှင်းလင်းပြသပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဆည်ရွာကျေးရွာရှိ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲရုံး အတွင်း၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် မြို့နယ်



ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ ဦးစီးမှူး ဦးသိန်းကိုက ပျားမွေးမြူ သူများအတွက် ကုန်ကျစရိတ် ပိုမို သက်သာစေရန်နှင့် အကျိုးရှိစွာ အသုံးချတတ်စေရန်အတွက် ပျားမွေးမြူမှုဌာနခွဲ၏ စမ်းသပ်ဆောင်ရွက် မွေးမြူခဲ့ရာမှ တွေ့ရှိချက်များ၊ အကြံပြုချက်များနှင့် ပျားအိမ်များ၏ ကုန်ကျစရိတ်များကို ရှင်းလင်းပြသခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

**တောမဲ့မြေသား၊ ရေတိုက်စား၏။**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေး အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှု နည်းပါးသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များမှသာ လွှတ်ကျောင်းခြင်းပြုရန်၊ လုပ်ငန်းခွင်တွင် အသုံးပြုရန်နှင့်သယ်ယူပို့ဆောင်ရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရှိရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) မွေးမြူရေးခြံများတွင် လေဝင်လေထွက် ကောင်းမွန်စွာထားရှိရန်နှင့် နေရောင်ခြည်တိုက်ရိုက် ကျရောက်မှုမရှိစေရန်အတွက် စီမံထားရှိရန်၊

(၆) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိုမြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၇) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဟန်ဂေရီစီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်မည်ဟု ဝန်ကြီးချုပ်အသစ် ကတိပြု



**ဘူဒါပတ် မေ ၁၀**

ဟန်ဂေရီနိုင်ငံ၌ ၁၆ နှစ်အတွင်း ပထမဆုံးအကြိမ် အစိုးရအပြောင်းအလဲ ဖြစ်ပေါ်လာပြီးနောက် ဝန်ကြီးချုပ်သစ်က နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရေး အားသွန်ခွန်စိုက် ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

ဘူဒါပတ်မြို့၌ မေ ၉ ရက်က ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပီတာ မာဂျာက ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၎င်း၏ Tisza ပါတီသည် ဧပြီလအတွင်း ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲတွင် မဲအများစု အနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ်ဟောင်း ဗစ်တာအော်ဘန်၏ အစိုးရကို အနိုင်ရရှိခဲ့သည်။

ဟန်ဂေရီပြည်သူများသည် နိုင်ငံ့သမိုင်းတွင် စာမျက်နှာသစ်ဖွင့်လှစ်နိုင်ရန် ၎င်းနှင့် ၎င်း၏ပါတီအား လုပ်ပိုင်ခွင့်အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း ပီတာမာဂျာက လွှတ်တော်ကိုယ်စားလှယ်များအား ပြောကြားခဲ့သည်။

ထို့ပြင် နှေးကွေးနေဆဲဖြစ်သည့် ဟန်ဂေရီစီးပွားရေး ပြန်လည်နာလန်ထူလာစေရေးသည် ၎င်း၏ အဓိကဦးစားပေး ရည်မှန်းချက်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်အသစ်က ထပ်လောင်းပြောကြားခဲ့သည်။

ဗစ်တာအော်ဘန်၏ ၁၆ နှစ်ကြာ အုပ်ချုပ်မှုကာလအတွင်း ဥရောပသမဂ္ဂသည် အဂတိလိုက်စားမှုနှင့် လွတ်လပ်စွာတရားစီရင်ခွင့် အားနည်းခြင်းတို့ကို အကြောင်းပြကာ ဟန်ဂေရီနိုင်ငံအတွက် ရန်ပုံငွေထောက်ပံ့မှုအချို့ ဆိုင်းငံ့ထားခဲ့ရာ ဝန်ကြီးချုပ်သစ်အနေဖြင့် ဥရောပသမဂ္ဂနှင့် ဆက်ဆံရေး ပြန်လည်တိုးတက် ကောင်းမွန်လာရန် ကြိုးပမ်းသွားနိုင်ဖွယ်ရှိကြောင်း ယူဆကြသည်။

**အင်န်အိတ်ချ်ကေ**

■

# သီရိလင်္ကာ၌ 6G သုတေသနစင်တာ တည်ထောင်ရန် စီစဉ်

**ကိုလံဘို မေ ၁၀**

သီရိလင်္ကာနိုင်ငံသည် 6G နှင့် မျိုးဆက်သစ်ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာများအတွက် သီးသန့်သုတေသနစင်တာတစ်ခုကို ယခုနှစ်တတိယသုံးလပတ်ကာလအတွင်း စတင်တည်ထောင်ရန် စီစဉ်နေပြီး ဆွေးနွေးမှုများမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသုတေသနစင်တာကို နိုင်ငံခြားမိတ်ဖက်များနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ ဒုတိယဝန်ကြီး အီရန်ဂါဝီရာရတ်နီ၏ ပြောကြားချက်ကို ပြည်တွင်းမီဒီယာများက မေ ၁၀ ရက်တွင် ကိုးကားဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံအနေဖြင့် 6G ကွန်ရက်ကို ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း၊ လက်ရှိ 5G နည်းပညာကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း ဝီရာရတ်နီက ပြောကြားပြီး ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့်လည်း မျိုးဆက်သစ်နည်းပညာသို့ မကူးပြောင်းမီ လက်ရှိရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ရရှိရန် အချိန်လိုအပ်နေသေးကြောင်း ၎င်းက ဆိုသည်။ အကောင်အထည်ဖော်ဆောင်ရန် လျာထားသည့် သုတေသနစင်တာသည် စီးပွားဖြစ်အမြန်ဆုံးဖြန့်ကြက်အသုံးပြုနိုင်ရေးထက် နည်းပညာလေ့လာဆန်းစစ်မှုများနှင့် ပူးပေါင်းသုတေသနလုပ်ငန်းများကို အဓိကထားဆောင်ရွက်သွားဖွယ်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဟန်တာဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားသည့် သင်္ဘောပေါ်မှ ခရီးသည်များ စတင်ဆင်းသက်

**မက်ဒရစ် မေ ၁၀**

စပိန်နိုင်ငံ ကနေရီကျွန်းစုများအနက် တဲန်နာရီးဖ်ကျွန်း ကမ်းလွန်သို့ ဆိုက်ရောက်လာသည့် ဟန်တာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားသော အပျော်စီးသင်္ဘောပေါ်မှ ခရီးသည်များ စတင်ဆင်းသက်နေပြီဖြစ်ကြောင်း နိုင်ငံတကာမီဒီယာများ၏ ဖော်ပြချက်များအရ သိရသည်။

ဒေသခံပြည်သူများထံ ရောဂါကူးစက်နိုင်ခြေမှာ အလွန်နည်းပါးကြောင်း WHO က ပြောကြားပြီး စပိန်နိုင်ငံသားများ ပါဝင်သည့် ပထမဆုံးခရီးသည်အုပ်စုသည် မေ ၁၀ ရက် နံနက်ပိုင်းတွင် သင်္ဘောပေါ်မှ စတင်ဆင်းသက်ခဲ့ကြောင်း စပိန်ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ မီဒီယာများက ဖော်ပြထားသည်။




ရောဂါလက္ခဏာပြသသူများကို ဆေးကုသမှုခံယူနိုင်ရန် လေကြောင်းဖြင့် နယ်သာလန်နိုင်ငံသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း WHO က ပြောကြားသည်။ ထို့ပြင် ဆိပ်ကမ်းလုပ်သားအချို့က အဆိုပါသင်္ဘောဆိုက်ရောက်လာမှုသည် ၎င်းတို့၏ အလုပ်အကိုင်များကို ထိခိုက်စေနိုင်သည့်အပြင် ကျန်းမာရေးအန္တရာယ်လည်း ဖြစ်ပေါ်စေနိုင်သည်ဟုဆိုကာ ကန့်ကွက်မှုများ ပြုလုပ်ခဲ့ကြသည်။

WHO ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ်အက်ဟာနွန် ဂါဘရီယက်ဆုစ်သည် မေ ၉ ရက်တွင် အဆိုပါဆိပ်ကမ်းသို့ သွားရောက်ခဲ့ပြီး ကျွန်းပေါ်တွင်နေထိုင်သူများ၏ စိုးရိမ်ပူပန်မှုများကို နားလည်ကြောင်း၊ သို့သော် ဟန်တာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ အန္တရာယ်မှာ အလွန်နည်းပါးကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂါဇာဒေသ၌ အရေပြားကူးစက်ရောဂါဖြစ်ပွားမှု မြင့်တက်လာ

**ဂါဇာ မေ ၁၀**

အစ္စရေးနှင့် ဟားမားစ်တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စတင်ခဲ့ပြီး ခုနစ်လအကြာတွင် ဂါဇာဒေသရှိ ဒေသခံများ၏ နေထိုင်မှုနှင့် ကျန်းမာရေး၊ သန့်ရှင်းရေးအခြေအနေများမှာ ဆိုးရွားနေဆဲဖြစ်ကြောင်း သိရသည်။ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းလာခြင်းကြောင့် ဒေသခံများအကြား အရေပြားကူးစက်ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာလျက်ရှိကြောင်း ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNRWA) က ပြောကြားခဲ့သည်။

NHK ၏ ဂါဇာရုံးအဖွဲ့သည် မေ ၇ ရက်က ဒီယာအယ်ဘာလာမြို့ရှိ ဆေးခန်းသို့သွားရောက်စဉ် ခန္ဓာကိုယ်ပေါ်၌ အဖုအပိမ့်များရှိသော ကလေးများနှင့် အမျိုးသားလူနာများ ဆေးခန်းလာပြသည်ကို တွေ့မြင်ရသည်။ ဒေသခံအများစုသည် ကျန်းမာရေးနှင့်မညီညွတ်သည့် ယာယီတဲများတွင် နေထိုင်နေရသဖြင့် ယခုကဲ့သို့ အရေပြားကူးစက်ရောဂါများ ပိုမိုဖြစ်ပွားလာခြင်းဖြစ်ပြီး UNRWA ၏ ကျန်းမာရေးညွှန်ကြားရေးမှူး ဆီအီတာ အကီဟီရိုက NHK နှင့် ပြုလုပ်သည့် အွန်လိုင်းအင်တာဗျူးတွင် နိုဝင်ဘာလမှစတင်ကာ အရေပြားကူးစက်ရောဂါဖြစ်ပွားမှုအရေအတွက် သိသိသာသာ မြင့်တက်လာခဲ့ပြီး ဧပြီလတွင် လူနာ ၁၀၀၀၀ ကျော်အထိ ရှိလာကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဂါဇာဒေသအတွင်း ရေနှင့်မိလ္လာစနစ်များ ပြန်လည်တည်ဆောက်ရေးမှာလည်း တိုးတက်မှုမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဂါဇာဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းအနေဖြင့် တက်ကြွစွာ ပါဝင်ပံ့ပိုးကြရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။ အစ္စရေးနှင့် ဟားမားစ်တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုမှာ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း စတင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# သြစတြေးလျအစိုးရက အိမ်ရာပြဿနာဖြေရှင်းရန် သြစတြေးလျဒေါ်လာ ၂ ဘီလီယံ ထပ်မံရင်းနှီးမြှုပ်နှံမည်

**ကင်ဘာရာ မေ ၁၀**

သြစတြေးလျအစိုးရသည် နိုင်ငံအတွင်း အိမ်ရာပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် သြစတြေးလျဒေါ်လာ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ဘီလီယံခန့်) ကို ထပ်မံရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သြစတြေးလျဘဏ္ဍာရေးဝန်ကြီး Jim Chalmers က မေ ၁၀ ရက်တွင် ပြောကြားသည်။

အိမ်ရာလိုအပ်ချက်သည် သြစတြေးလျနိုင်ငံ၏ စီးပွားရေးနှင့် လူမှုဘဝဆိုင်ရာ အဓိကစိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်ကြောင်း၊ ယခုရင်းနှီးမြှုပ်နှံမှုဖြင့် နေအိမ်သစ် ၆၅၀၀၀ ကို တည်ဆောက်သွားရန် ရည်ရွယ်ထားကြောင်း ကင်ဘာရာမြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းကပြောကြားသည်။

ထို့ပြင် ယင်းအစီအစဉ်မှာ အိမ်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် သြစတြေးလျအစိုးရက ဆောင်ရွက်နေသည့် သြစတြေးလျဒေါ်လာ ၄၇ ဘီလီယံတန်ဖိုးရှိရင်းနှီးမြှုပ်နှံမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# ဟန်တာဗိုင်းရပ်စ် မတွေ့ရှိသေးသော်လည်း ပြည်သူများအား သတိရှိကြရန် ကမ္ဘောဒီးယားအစိုးရတိုက်တွန်း

**ဖနောင်ပင် မေ ၁၀**

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ဟန်တာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ မတွေ့ရှိသေးသော်လည်း ပြည်သူများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ သတိရှိကြရန် ကမ္ဘောဒီးယားအစိုးရက မေ ၉ ရက်တွင် တိုက်တွန်းထားသည်။

ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဟန်တာဗိုင်းရပ်စ်သည် ကြွက်များသယ်ဆောင်သည့် ဗိုင်းရပ်စ်အုပ်စုတစ်မျိုးဖြစ်ပြီး လူများတွင် ပြင်းထန်သည့်ရောဂါလက္ခဏာများ ဖြစ်ပွားစေနိုင်သည်။

ရောဂါပိုးရှိသည့် ကြွက်၊ ရှဉ့်ကဲ့သို့သော တိရစ္ဆာန်များ၏ ကျင်ငယ်၊ မစင်နှင့် တံတွေးတို့နှင့် ထိတွေ့မိခြင်းမှတစ်ဆင့် လူသို့ ကူးစက်နိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် ရောဂါပိုးရှိသည့် တိရစ္ဆာန်များ ကိုက်ခြင်း၊ ကုတ်ခြင်းများမှတစ်ဆင့်လည်း ကူးစက်နိုင်သော်လည်း ယင်းဖြစ်စဉ်မှာ ရှားပါးကြောင်း သိရသည်။

ဟန်တာဗိုင်းရပ်စ် ကူးစက်ခံရသူများတွင် ရောဂါလက္ခဏာများသည် ထိတွေ့ပြီးနောက် တစ်ပတ်မှ ရှစ်ပတ်အတွင်း ပေါ်ပေါက်လာလေ့ရှိပြီး ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ ပျို့အန်ခြင်းနှင့် အစာအိမ်အူလမ်းကြောင်းဆိုင်ရာ လက္ခဏာများအပြင် အသက်ရှူကြပ်ခြင်းတို့လည်း ဖြစ်ပွားနိုင်သည်။

ထုတ်ပြန်ချက်အရ မေ ၈ ရက်အထိ ဟန်တာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ စုစုပေါင်းရှစ်ဦးရှိပြီး ယင်းအနက် သေဆုံးသူသုံးဦးပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၅-၂၀၂၆ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အမှူးပြုသောနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** ရေပွေးပွေးလေအေးအေး ချွေးသိပ်နားပါ လယ်တောမှာ
- **၀၉:၁၀** "တမ္ဘူအလည်မှာဝင့်ထည်စေဖို့မြန်မာ့ချည်ထည်များဝတ်ကြစို့" (ဖောမိတ်အထည်ချုပ်လုပ်ငန်း)
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** ပုလဲကျေးရွာအတိုးတာနှင့်ပုလဲရတနာလေးများ
- **၁၁:၃၀** ဘဝနှင့်အနုပညာ 'မြတ်သန်နဲ့ရာရှုအနုပညာ' (အကယ်ဒမီကြည်စိုး)
- **၁၂:၄၀** မြန်မာဇာတ်လမ်းတွဲ "ချစ်စိတ်တို့နှောင်ဖွဲ့" (အပိုင်း-၂၀)
- **၁၃:၃၀** MRTV National News
- **၁၄:၃၀** မိုးလုက်တင်ငဆိုကရေတိုးအငွေ
- **၁၅:၁၅** ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာအစီအစဉ်)
- **၁၅:၃၅** The Sports Editor's Top Picks Of This Week
- **၁၆:၃၅** ချစ်စရာအလွယ်ကတော်းကြယ်
- **၁၇:၁၅** သတင်းသမားပြောတဲ့သတင်းစကား
- **၁၇:၃၅** This Week's Special Interest
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'ချစ်စိတ်တို့နှောင်ဖွဲ့' (ဇာတ်သိမ်းပိုင်း)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၁၀** သံစဉ်ချိုမြမြန်မာတေးအလှ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) "တောက်ပသောနေ့ရက်များဆီသို့" (အပိုင်း-၃၅)

**mitv**

- **07:02** Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- **07:09** Travelogue: Ngwe Saung Beach
- **07:31** Traditional Myanmar Theatrical Performance (Unity Is Strength (Puppet)
- **07:49** Diorama
- **08:01** News
- **08:26** Asia Updates; Love Birds
- **08:32** Authentic Tastes: Myanmar Traditional Snacks Challenge
- **08:48** The National Traditional Rowing Team
- **09:01** A Worth Keeping Treasure of Anyar
- **09:33** Discovering Tribes- Gaybar Kayin
- **09:50** Ngapali Beach: Fishing Villages
- **10:01** News
- **10:26** Topical Topics; Durian

**Me**

- **၀၆:၀၀** အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
- **၀၆:၂၀** တိုင်းရင်းသားသီချင်း၊ အက(ကယား)
- **၀၆:၄၀** ကာတွန်းအစီအစဉ် 'ဖိုးကောင်းကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၁၃)
- **၀၇:၀၅** မြန်မာ့သံစဉ်တေးများ
- **၀၇:၃၀** မြန်မာဇာတ်လမ်းတွဲ 'ပျောက်ဆုံးသွားသောနေ့ရက်များ' (အပိုင်း-၇)
- **၀၈:၁၀** MET GALA 2026
- **၀၈:၂၅** "မိုးရွာမှာကိုစောင့်နေတယ်" တေးဂီတဖျော်ဖြေပွဲ
- **၀၉:၅၀** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၁၀:၁၀** မြန်မာရုပ်ရှင်(ဖြူမည်း) "ပေတ္တာကိုယ်တားနှင်းပါ့ဝယ်" ခင်မောင်ထွေး၊ မြင့်မြင့်ခိုင်၊ တင်တင်လှ (ဒါရိုက်တာ-မောင်စိန်သော်)

**MRTV NRC**

- **အရှေ့မိုးကုတ် (၀၆:၀၀ မှ ၀၇:၀၀)** ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများ(အပိုင်း-၁)
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ဆန်းပြားလှသည့်ချင်းရိုးရာနားဒိုင်းပလွေ့မှုတ်
- **ချင်း(ချို) (၀၈:၀၀ မှ ၀၉:၀၀)** ဆေးဖက်ဝင်သစ္စာတ်ပွင့်
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** အရပ်ရှစ်မျက်နှာဦးချသူများ
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ထူးဆန်းထွေရာရခိုင်ဓလေ့ရှေးရိုးရာ (ရခိုင်ရိုးရာဘုန်းကြီးပျံပွဲ-၃)
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ကျိုင်းတုံ'ဝ'ရိုးရာဝတ်စုံချုပ်နည်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ဒွေးမယ်နော်တို့စံပျော်ရာငွေတောင်ပြည်
- **ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကင်းမွန်ငါးကောက်ညှင်းအစာသွပ်
- **အနောက်မိုးကုတ် (၂၂:၀၀ မှ ၂၃:၀၀)** သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၀၅** လှုပ်လှုပ်ရှားရှားအားကစား
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၁:၃၅** Sports Diary
- **၁၂:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၈:၁၅** Festival Around The World
- **၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၉:၁၅** "သုတိနီသားနည်းကြာမှုများဆီသို့"(အပိုင်း-၈)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** လွှတ်တော်ရေးရာအပြာပြာ (Repeat)
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေးကျင်းပမှု (Repeat)
- **၁၉:၀၀** လွှတ်တော်သတင်း(၁၁.၅.၂၀၂၆)

**MRTV FARMERS**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၀** နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများအားပေးစို့
- **၀၇:၀၀** "သုတပဒေသာစိုက်ပျိုးနည်းပညာ" လယ်ယာကောင်းစေပြီးသီးနှံအထွက်တိုးစေဖို့ သဘာဝမြေဩဇာသုံးစွဲကြပါစို့
- **၀၈:၀၀** ကျေးလက်တွန်ရက်
- **၀၉:၀၀** ဒေတ်မီအဆင့်မြင့် အသားတိုးနွားမွေးမြူရေး သမဝါယမကဏ္ဍမှမြှင့်တင်ပေး
- **၁၀:၃၀** ဘုရိုအတ်ဇာတ်တော်ကြီး(ဒုတိယပိုင်း)(ဇာတ်တော်)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် (နံနက် (၉:၀၀) နာရီမှ ညနေပိုင်း (၄) နာရီ (၆) ကြိမ်ပြန်) ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။



တရားခံ မဖြူစင်တင်လှ(ခ)ဖြူစင်နှင့် မဗွန်ဇင်ဦး(ခ)မိုင်လီတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၁၁၅ ပြားနှင့်အတူ တွေ့ရစဉ်။



တရားခံ မမာလာအား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၁၆၀ နှင့်အတူ တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

ဖြန့်ဖြူးရောင်းချနေသူများရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ မဖြူစင်တင်လှ(ခ)ဖြူစင်နှင့် မဗွန်ဇင်ဦး(ခ)မိုင်လီတို့ နှစ်ဦးကို စိတ်ကြွဆေးပြား ၁၁၅ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ယင်းနေ့ ညနေ ၆ နာရီအချိန် ပုသိမ်ကြီးမြို့နယ် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာနေ မမာလာအား စိတ်ကြွဆေးပြား ၁၆၀ နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မေ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာ ရေတံခွန်တောင်ရပ်တွင် မနီလာခိုင်(ခ)လွယ်နူး(ခ)ဘောပြားကို စိတ်ကြွဆေးပြား ၂၄၀၀၀၊ NISSAN TIIDA မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် စိတ်ကြွဆေးပြားများ ရောင်းချခိုင်းသူ အောင်ရဲကျော်(ခ)မြင့်ကျော်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ်ရှိ မအားဖန်(ခ)ဆိုင်ဘန်း၏ နေအိမ်၌ သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၁၄ ဒသမ ၇ သိန်းကို လည်းကောင်း၊ စဉ့်ကိုင်မြို့နယ်ရှိ ၎င်းငှားရမ်းထားသည့်နေအိမ်တွင် သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၆ ဒသမ ၀၆ သိန်းကို လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးမှုဖြစ်စဉ်တွင် စုစုပေါင်းဒေသတန်ဖိုး ငွေကျပ် ၃ ဒသမ ၁၆၂၅၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၁ ဒသမ ၀၀၂၇၅ သိန်း ဖမ်းဆီးရမိခဲ့သည်။




တရားခံ မနီလာခိုင်(ခ)လွယ်နူး(ခ)ဘောပြားနှင့် အောင်ရဲကျော်(ခ)မြင့်ကျော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၂၄၀၀၀ နှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နေ အားယုံ(ဖမ်းဆီးရန်ကျန်) က မန္တလေးမြို့တွင် ဖြန့်ဖြူးရောင်းချရန် ပေးပို့ထားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းသိရသည်။ **သတင်းစဉ်**

# အလုပ်အကိုင်အခွင့်အလမ်း ငါးသောင်းဖြင့် ခေါက်တိုသယ်ယူပို့ဆောင်ရေး ကဏ္ဍမြှင့်တင်

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံ၏ ခေါက်တိုသယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် ဆက်စပ် MSME လုပ်ငန်းများ



အပါအဝင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ငါးသောင်းကျော်ကို သုံးဘီးယာဉ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း ယနေ့တွင် စတင်ဖွင့်လှစ်သည့် Bajaj Yangon Showroom မှ သိရသည်။

ယင်း Showroom တွင် Bajaj RE လူစီးသုံးဘီးယာဉ်များကို မိတ်ဆက်ပြသခဲ့ပြီး အပိုပစ္စည်း၊ ပြုပြင်ရေး၊ လိုင်စင်နှင့် အရစ်ကျစနစ် ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Customer Service နှင့် After Sales Service များ၊ အခမဲ့ စက်ပြင်နည်းပညာ သင်တန်းများ၊ သုံးဘီးယာဉ် Test Drive အစီအစဉ်များ၊ WeGo Kilo Taxi Service များ၊ Authorized Agent လျှောက်ထားနိုင်မှုများနှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၊ ရန်ကုန်စီတီးတက္ကစီအသင်း (YCTA) ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် YRTC နှင့် YCTA တို့၏ စနစ်တကျကြီးကြပ်မှုဖြင့် ခွင့်ပြုထားသော မြို့နယ်များ၌ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသူရ**

❍ *ကျောဖုံးမှ*

မန်စီးတီးအသင်းသည် ယခုနိုင်ပွဲကြောင့် ဦးဆောင်သူ အာဆင်နယ်အသင်းကို အဆင့် (၂) နေရာမှ နှစ်မှတ်အကွာဖြင့် အနီးကပ်ဆက်လက်ဖိအားပေးလျက်ရှိသည်။ ဥရောပဝင်ခွင့်ရရှိရေး ခြေကုန်ထုတ်လာသော ဘရန့်ဖို့ဒ်အသင်းသည် အိမ်ရှင်မန်စီးတီးအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများအောက် အသင်းကစားပုံပျက်ခဲ့ပြီး တုံ့ပြန်တိုက်စစ်ဆင်မှုအနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။

ဘယ်လ်ဂျီယံတောင်ပံတိုက်စစ်ကစားသမား ဒိုကူသည် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အခွင့်အရေးဖန်တီးမှုများစွာ ပြုလုပ်နိုင်ခဲ့သည့်အပြင် သွင်းဂိုးတစ်ဂိုးပါ သွင်းယူနိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးခြောက်ကြိမ်ထက်မနည်း ဖန်တီးနိုင်ခဲ့သော်လည်း ငါးကြိမ်အထိ လွဲချော်ခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် မန်စီးတီးအသင်းအတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့သော အဓိက တိုက်စစ်ကစားသမား ဟာလန်းသည် ပရီမီယာလိဂ် သွင်းဂိုး ၂၆ ဂိုးအထိ ရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရိုက်တန်က ဝုဖ်ကို သုံးဂိုး-ဂိုးမရှိ၊ ဘုန်းမောက်က ဖူလ်ဟမ်ကို တစ်ဂိုး-ဂိုး မရှိဖြင့် နိုင်ပွဲရရှိပြီး လီဗာပူးနှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို ဆန်းဒါးလန်းနှင့် မန်ယူအသင်းပွဲစဉ်တွင်လည်း ဂိုးမရှိ သရေကျခဲ့သည်။ **အောင်ဇော်**

## ရေချွေတာရေး နည်းလမ်းများ

- ❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# နိုင်ငံ့သားကောင်း တာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## သထုံမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှင့် အမှတ်(၂၁)အကြီးစားစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး



**သထုံ မေ ၁၀**

မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် ယနေ့နံနက်ပိုင်းက သထုံမြို့နယ် ကြာပန်းကျေးရွာရှိ သထုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် အမှတ်(၂၁) အကြီးစားစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စက်ရုံ၏အခြေအနေနှင့် ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂၁)အကြီးစားစက်ရုံ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘီးလင်းမြို့နယ်ရှိ သကြားစက်ရုံ၊ တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံနှင့် အထပ်သားစက်ရုံများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး

**ဖြူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာနေပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများနှင့် UID ကတ် ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးရာ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွန်းနှင့် ဝန်ထမ်းများက (၁၀)နှစ်ပြည့် ကျား ၄၁ ဦး၊ မ ၆၃ ဦး၊ (၁၈)နှစ်ပြည့် ကျားတစ်ဦး၊ မ တစ်ဦး စုစုပေါင်း ၁၀၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း မေ ၁၀**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးစပါးရာသီ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲကို ယနေ့နံနက် ၈ နာရီက ဝဲဒေါင့်ကျေးရွာ တောင်သူ ဦးမြင့်ဇော်၏ လယ်မြေသုံးကေ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံ ပေးအပ်ကာ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ စုပေါင်း ကြဲပက်ခဲ့ကြောင်း သိရသည်။



**ရဲကိုမောင်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းဆိုင်ရာ သုံးသပ်ဆွေးနွေး

**မြောင်းမြ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ခုနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း မြို့နယ်အဆင့်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြောင်းမြမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ မြရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးခြင်းကို ဆောင်ရွက်ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင်ပါဝင်သည့် ကျေးရွာများကို အဖွဲ့များခွဲခြားသတ်မှတ်ပြီး အဖွဲ့တစ်ခုချင်းစီမှ သက်ဆိုင်ရာ ခေါင်းစဉ်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ဖြိုး(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ်၌ ၂၂ ဘီးယာဉ်တိမ်းမှောက်၍ အမျိုးသားနှစ်ဦးဒဏ်ရာရ

**နေပြည်တော် မေ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ ယမန်နေ့က ၂၂ ဘီးယာဉ်တိမ်းမှောက်မှု ဖြစ်ပွား၍ အမျိုးသားနှစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။



ပင်လောင်းမြို့နယ်၌ ၂၂ ဘီးယာဉ်တိမ်းမှောက်မှုဖြစ်ပွားစဉ်။

ဖြစ်စဉ်မှာ မေ ၉ ရက် မွန်းလွဲ ၃ နာရီတွင် ပင်လောင်းမြို့နယ် ပင်လောင်း - လွိုင်ကော်သွားကားလမ်း နောင်ဝိုးကျေးရွာကုန်းဆင်း၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြည်ကြီးတံခွန်မြို့နေ စည်သူငြိမ်းအောင်(၂၈)နှစ်မောင်းနှင်ပြီး လားရှိုးမြို့ နမ့်ပါချီးရပ်ကွက်နေ သူရကျော် (၂၉)နှစ် လိုက်ပါလာသည့် MDY-12 6R-xxxx Dongfeng ၂၂ ဘီး နောက်တွဲယာဉ်သည် ပင်လောင်းမြို့ဘက်မှ လွိုင်ကော်မြို့ဘက်သို့ ဘိလပ်မြေအိတ်များ တင်ဆောင်မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် စည်သူငြိမ်းအောင်နှင့် သူရကျော်တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် စည်သူငြိမ်းအောင်အား ပင်လောင်းမြို့မရဲစခန်း ယာဉ်(ပ)၄/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊
(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိ မရှိ၊
(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဘားအံမြို့၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ



**ဘားအံ မေ ၁၀**

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့က နည်းပြများနှင့် သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေကျပ် ၂၄သိန်းအား ပေးအပ် ချီးမြှင့်ရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုလွှာနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းနည်းပြနှင့် သင်တန်းသားက လက်ခံရယူသည်။

ပြည်နယ်(ပြန်/ဆက်)



## ဒိုက်ဦးမြို့နယ်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**ဒိုက်ဦး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် မြို့နယ်စီမံကိန်းဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးသူက ဒိုက်ဦးမြို့နယ်၏ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက သက်ဆိုင်ရာ ဌာနဆိုင်ရာများသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရည်မှန်းချက် တာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ တောင်သူများ အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**မော်လမြိုင်ကျွန်း မေ ၁၀**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား အသိပညာပေးဆွေးနွေးပွဲကို မေ ၇ ရက်နှင့် ၈ ရက်တွင် ဆောင်ရွက်သည်။

အဆိုပါဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဒေါ်ဟေမာန်ကျော်ဝင်းနှင့် ဒုတိယဦးစီးမှူးတို့က မျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ ပိုးသတ်ဆေး စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းလမ်းများ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေယာပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ ရွှေခရုကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ စီးပွားဖြစ် မှိုစိုက်ပျိုးထုတ်လုပ်မှုနည်းလမ်းများ၊ ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ရဲကိုမောင်(ပြန်/ဆက်)



## ပုလောမြို့နယ်၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုလော မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးကို မေ ၉ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ဆောင်ရွက်သည်။ ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ပုလောမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၁၂၀ ခန့်ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျောက်ကြီးမြို့နယ်၌ အသေးစားခြေတုပြုပြင်ရေး နေ့ချင်းပြီးဆောင်ရွက်ပေး

**ကျောက်ကြီး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ ယနေ့နံနက်ပိုင်းက ခြေတုအသေးစားပြင်ဆင်ခြင်းလုပ်ငန်းကို နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး မင်းမြတ်ဘုန်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကိုယ်အင်္ဂါချို့တဲ့နေသူများ၊ မိုင်းဒဏ်ခံရသူများအတွက် ခြေတုအသေးစား ပြင်ဆင်ဆောင်ရွက်နိုင်ရေးလုပ်ငန်းအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ နံနက် ၉ နာရီတွင် အခမဲ့ဆောင်ရွက်ပေးပြီး ခြေတုလာရောက်ပြုပြင်သူများအား ခြေဖဝါး၊ ခြေအိတ်၊ ခါးပတ်ကြိုးများကို အခမဲ့ ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ထန်းတပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး



**ထန်းတပင် မေ ၁၀**

ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းများကို ထန်းတပင်မြို့နယ် တက်သစ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။

မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးစီးခဲ့သည့် နိုင်ငံသားကိုယ်ရေးအချက်အလက် (UID)ကတ်များကို ကျေးရွာနေပြည်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ခပေါင်းဆည်ရေသောက် နွေစပါးနှင့် နွေသီးနှံစိုက်ကေများ အောင်မြင်ဖြစ်ထွန်း

**တောင်ငူ မေ ၁၀**


ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံမှ နွေစပါးနှင့် နွေသီးနှံများကို ဆည်ရေပေးဝေလျက်ရှိရာ တောင်ငူမြို့နယ်၌ နွေစပါး ၁၂၆၀၈ ဧကနှင့် နွေသီးနှံ ၆၇၃ ဧက စုစုပေါင်း ၅၃၂၇၁ ဧကကို ဇန်နဝါရီ ၁၄ ရက်မှ စတင်၍ လက်ဝဲတူးမြောင်းမကြီး၊ လက်ယာတူးမြောင်းမကြီးနှင့် လက်ယာလက်ခွဲ မြောင်းမကြီးများမှ ခပေါင်း ဆည်ရေသောက်စနစ်အတွင်း နှစ်စဉ်နွေရာသီ ဆည်ရေပေးဝေမှုစနစ်များ ကောင်းမွန်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဌာနမှတာဝန်ရှိသူများနှင့် ရေအသုံးချသူ တောင်သူများ ပူးပေါင်းကာ စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)



**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Reflexive Pronoun (တုံ့ပြန်မှုပြနာမ်စား) နဲ့ Impersonal Pronouns (သဘာဝသဘောတရားပြနှင့် သီးခြားအပိုဖော်ပြ နာမ်စား) အကြောင်းဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about orders – 1 (အမိန့်ပေး၊ ညွှန်ကြား၊ ခိုင်းစေတာတွေကို ဘယ်လိုပြောမလဲ။)ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိတ်သတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Exercise (1) Fill in the blanks with suitable pronouns.**

1. Rachel writes a letter. ……… sends ……… to …….. friend.
2. Michael and ……….. sister go to school. ……….. carry ……….. bags on ……….. shoulders.
3. Two girls are outside. Let ……….. come in.
4. I respect my teacher because ……….. always gives ……….. good advice.
5. The boys told ……….. parents that ……….. would come home late.
6. William works in a factory. …… says …… is a noisy place.
7. When you have finished your work, please pass …. up to me.
8. The dog barked at Alice and ran after ………..
9. I met Sally and Meiling yesterday. I took a walk with …………
10. These books aren't mine. Are ………… yours?

ဒီနေရာမှာ အလျဉ်းသင့်လို့ Reflexive Pronoun အကြောင်းကို တစ်ဆက်တည်း ထပ်မံဖြည့်စွက်ပြီး ဖော်ပြသွားပါမယ်။

**Reflexive Pronoun (တုံ့ပြန်မှုပြနာမ်စား)**

ကိုယ်တိုင်ပြုလုပ်ကိုင်တိုင်ခံပုံစံ (reflexive form) ဆိုသည်မှာ ကတ္တားပုဒ် (subject) နှင့် ကံပုဒ် (object) တို့သည် တစ်ဦးတည်းကို ရည်ညွှန်းပြီး ပြုလုပ်သူနှင့် ခံရသူ အတူတူဖြစ်ခြင်းကို ဆိုလိုသည်။

– He has hurt **himself.**

အဆိုပါ ဝါကျတွင် he နှင့် himself တို့သည် ပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ ရည်ညွှန်းပြီး ပြုလုပ်သူနှင့်ခံရသူအတူတူဖြစ်ခြင်းကို ဖော်ပြသည်။

Reflexive Pronoun အများစုသည် များသောအားဖြင့် –self နဲ့ အဆုံးသတ်သည်။ Reflexive Pronoun များကို လေးနက်စေလိုသည့် အတွက်လည်း အသုံးပြုနိုင်သောကြောင့် ၎င်းတို့ကို လေးနက်စေသော နာမ်စားများဟုလည်း ခေါ်သည်။

– I **myself** gave your letter to Saya Mya.
– The Headmaster **himself** came to our house.
– You can do the work by **yourself.**

**Exercise (2) Write out each sentence putting in a suitable Reflexive Pronouns.**

e.g. We enjoyed ……….. very much that day.
We enjoyed **ourselves** very much that day.

1. He bought ……….. an ice-cream.
2. My father shaves ……….. every morning.
3. They found ………..lost in the jungle.
4. "Did you behave ……….. at the party. Mary?"
5. She washed ……….. before dinner.
6. We helped ……….. to the food on the table.
7. He has accidentally locked ……….. in.
8. Mary made ……….. a new dress.
9. Our dog has hurt …………
10. Did they burn ………..?

**Impersonal Pronouns**

**(သဘာဝသဘောတရားပြနှင့် သီးခြားအပိုဖော်ပြ နာမ်စား)**

တချို့နာမ်စား (Pronoun) များကို သဘာဝသဘောတရားတွေကို ရည်ညွှန်းဖော်ပြရာတွင် သုံးသည်။ ၎င်းတို့ကို Impersonal Pronoun ဟု ခေါ်သည်။ ဥပမာ–

– **It** rains.
– **It** is getting late.
– **It** was snowing.

နောက်တစ်ခါ Impersonal Pronoun ကို ဘယ်တစ်ဦး တစ်ယောက်သို့မဟုတ် ဘယ်အရာကိုမှ သီးခြားဖော်ပြညွှန်းဆိုခြင်း မရှိသည့်အခါတွင် သုံးသည်။ သို့မဟုတ် မတိကျ မသေချာသည့် အကြောင်းအရာများကို ယေဘုယျဆန်ဆန် ပြောဆိုရာတွင် သီးခြားအပိုဖော်ပြသည့် နာမ်စားကဲ့သို့လည်း သုံးသည်။ ဥပမာ–


– **It** doesn't matter.
– **It**'s a pity.
– **It** seems hard to believe.

## VOCABULARY ENRICHMENT PROGRAMME

1. **ears = (စိတ်ဝင်စားပြီး နားထောင်ရန် အသင့်ရှိခြင်း)**
   Tell me your idea—**I'm all ears.**
   မင်းစိတ်ကူးတွေငါ့ကို ပြောပါ။ ငါစိတ်ဝင်တစားနဲ့ နားထောင်ဖို့ အသင့်ပါပဲ။
2. **a storm in a teacup = (အရေးမကြီးတာကို အကြီးအကျယ် လုပ်ခြင်း)**
   Their argument was just **a storm in a teacup**.
   သူတို့ရဲ့အငြင်းပွားမှုကတော့ အသေးအဖွဲအရေးမကြီးတဲ့ကိစ္စကို အကြီးအကျယ်လုပ်နေတာပဲ။
3. **a penny for your thoughts = (မင်းဘာတွေးနေတာလဲ။)**
   You look deep in though — **a penny for your thoughts**.
   မင်းအရမ်းစဉ်းစားနေတာပဲ–– မင်းဘာတွေတွေးနေတာလဲ။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။*
*နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about orders – 1 (အမိန့်ပေး၊ ညွှန်ကြား၊ ခိုင်းစေတာတွေကို ဘယ်လိုပြောမလဲ။)

တစ်စုံတစ်ယောက်ကို ဟိုဟာလုပ်၊ ဒီဟာလုပ် စသည်ဖြင့် အမိန့်ပေးတာ၊ ကွပ်ကဲတာ၊ ညွှန်ကြားတာတွေကို ပြောတဲ့အခါ ဘယ်လိုပြောရမလဲဆိုတဲ့ အသုံးအနှုန်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

*Turn …*
*Come …*
*Stand …*
*Leave …*
*Take …*
*Give …*
*Stop …*
*Bring …*
*Don't throw …*
*Don't do …*
*Don't pay …*
*Imperative + please …*
*Imperative + will you?*
*Imperative + wont' you?*

၁။ တစ်စုံတစ်ယောကက်ကို ဟိုဟာလုပ်၊ ဒီဟာလုပ် စသည်ဖြင့် အမိန့်ပေး၊ ကွပ်ကဲ၊ ညွှန်ကြားတဲ့အခါမှာ **imperative mood** လို့ခေါ်တဲ့ စေခိုင်းဝိဘတ်ကို သုံးပါတယ်။ အဲဒါကို အာဏတ္တိဝိဘတ်လို့လည်း ခေါ်နိုင်ပါတယ်။ ဥပမာ–

– **Turn left** at the junction!
– **Come over** here!
– **Stand** in a straight line!
– **Leave** the parcel on the table!
– **Take** a seat!
– **Give** me that!
– **Stop** doing that!
– **Bring** in the furniture

**ဘာသာစကားရှုထောင့်**

ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ဆိုပြီး အငြင်းပုံစံနဲ့ ပြောရင်တော့ **Don't** ထည့်ပြီး ပြောနိုင်ပါတယ်။ ဥပမာ–

– **Don't throw** that away!
– **Don't do** that!
– **Don't pay** any attention to him!

၂။ အမိန့်ပေးတာတွေဟာ အမိန့်သံစွက်နေတဲ့ အတွက် သို့မဟုတ် အမိန့်သံပါနေတဲ့အတွက် စကားအရာမှာ ပြေပြစ်မှုတော့သိပ်မရှိပါဘူး။ နည်းနည်းလေး မာရေကျောရေရှိလှပါတယ်။ ရုတ်တရက် နှုတ်ကထွက်လာတဲ့ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်တဲ့စကားလုံးတွေလိုပါပဲ။ ပြတ်ပြတ်သားသား၊ ဆောင့်ဆောင့်အောင့်အောင့် ဖြစ်နေတတ်ပါတယ်။ အဲဒီလိုအသုံးအနှုန်းတွေကို **imperative mood** နဲ့ပြောနိုင်ပါတယ်။ အဲဒီလိုပဲ တစ်ခါတစ်ရံ ညွှန်ကြားပြောဆိုတဲ့အခါမှာလည်း **imperative mood** ကိုသုံးနိုင်ပါတယ်။ အမိန့်သံစွက်နေတာကို ယဉ်ကျေးစေချင်တဲ့အခါမှာ သော်လည်းကောင်း ညွှန်ကြားပြောဆိုတာကို ယဉ်ကျေးစေချင်တဲ့အခါမှာသော် လည်းကောင်း please ဆိုတဲ့ စကားလုံးကို ပေါင်းထည့်ပြီး ပြောနိုင်ပါတယ်။ **please** "ကျေးဇူးပြု၍"ဆိုတဲ့စကားလုံးကို ဝါကျရဲ့ရှေ့မှာသော်လည်းကောင်း ဝါကျရဲ့နောက်မှာသော်လည်းကောင်း ထားပြီးပြောနိုင် ပါတယ်။ ဥပမာ–

– **Come** this way, **please.**
– **Stand** over there, **please.**
– **Bring** the sofa over here, **please.**
– **Please leave** now!
– **Please carry** this bag for me!

၃။ အမေးနာမဝိသေသန ပုဒ်စုလို့ခေါ်တဲ့ tag question လိုမျိုး **will you?** ကို **imperative** နဲ့တွဲပြီးအသုံးပြုနိုင်ပါတယ်။ဆိုလိုတဲ့သဘောကတော့ "လုပ်/ယူ/ခေါ် မယ်မဟုတ်လား" ဆိုတဲ့သဘောနဲ့ ခပ်ဆင်ဆင်ပါပဲ။ အဲလိုသုံးလိုက်ခြင်းအားဖြင့် အမိန့်ပေးသံကို ပျော့ပြောင်းစေပါတယ်။ ပိုပြီးတော့လည်း အရပ်သဘောဆန်ဆန်ပြောတဲ့ပုံစံဖြစ်လာပါတယ်။ ဥပမာ–

– **Take** this, **will you**, Mary?
– **Hold** the torch, **will you**, Bob?
– **Call** your Dad, **will you**, Tom?

**ဘာသာစကားရှုထောင့်**

**Imperative နဲ့ will you? တွဲပြီးသုံးထားတဲ့ ဝါကျကိုပိုပြီးယဉ်ကျေးစေချင်တဲ့အခါမှာတော့ please "ကျေးဇူးပြု၍" ဆိုတဲ့ စကားလုံးကို ထပ်ထည့်ပြီး သုံးနိုင်ပါတယ်။** ဥပမာ–

– **Pass** me the salt, **will you, please**?
– **Get** me a coffee, **will you, please**, Jane?
– **Answer** the phone, **will you, please**?

၄။ **imperative + won't you** ဆိုတဲ့ အသုံးကိုတော့ ပိုပြီးအရပ်သဘောဆန်ဆန်ပြောတဲ့အခါမှာသုံးနိုင်ပါတယ်။ အမိန့်ပေး၊ ညွှန်ကြားတဲ့လေသံကိုလည်း ပိုပြီးတော့ ပျော့စေပါတယ်။ "လုပ်ပေးနိုင်မယ် မဟုတ်လား" ဆိုတဲ့ သဘောပါပဲ။ ဥပမာ–

– **Take care of** the children while I'm away, **won't you**?
– **Get to the airport** in plenty of time, **won't you?**
– **Save me** some cake, **won't you?**

**Conversation**

**Illegal parking**

**Lucy:** **Don't park** here, Mum! That sign says **No Parking!** We'll have to find a car park.
**Mum:** I just need to hand in this parcel. I won't be long. **Stay** in the car, dear, **won't you**? **Explain** to the traffic warden if one comes along!
**Lucy:** **Hurry up**, then, Mum!
**Mum:** **Don't fuss**, Lucy! I'll be back as soon as possible. I'll just get the percel from the boot.
**Lucy:** **You mustn't** waste any more time! A parking warden could come along any minute!
**Mum:** I'm just off. I'll be as quick as I can.

၂၀၂၆ ဗီဇာကမ္ဘာ့ဖလားပြိုင်ပွဲကို ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် အကြီးမားဆုံးနဲ့ အထူးခြားဆုံးအဖြစ် မြောက်အမေရိက တိုက်ရဲ့ အင်အားကြီးသုံးနိုင်ငံဖြစ်တဲ့ အမေရိကန်၊ ကနေဒါနဲ့ မက္ကဆီကိုနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပ သွားတော့မှာ ဖြစ်ပါတယ်။ ယခုနှစ်ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် အသင်းပေါင်း ၄၈ သင်း အထိ တိုးချဲ့ယှဉ်ပြိုင်သွားမှာဖြစ်ပြီး လေးသင်းတစ်အုပ်စုနဲ့ အုပ်စုပေါင်း ၁၂ အုပ်စုခွဲကာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါ တယ်။

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ

# အုပ်စု (က) မိတ်ဆက်

ဗီဇာကမ္ဘာ့ဖလားပြိုင်ပွဲကို လာမယ့် ဇွန် ၁၁ ရက်ကနေ ဇူလိုင် ၁၉ ရက် အထိ အမေရိကန်၊ မက္ကဆီကိုနဲ့ ကနေဒါနိုင်ငံတို့ရှိ မြို့ပေါင်း ၁၆ မြို့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ယခုနှစ်ကမ္ဘာ့ ဖလားပြိုင်ပွဲဟာ အသင်းအရေအတွက် ပိုမိုများပြားလာတာနဲ့အမျှ ယခင်ကထက် ပိုမိုများပြားတဲ့ ပွဲစဉ်အရေအတွက်ကို ကြည့်ရှုရမှာလည်း ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ ကမ္ဘာတစ်ဝန်းက ဘောလုံးချစ်ပရိသတ်တွေ အနေနဲ့ မိမိတို့နှစ်သက်တဲ့ အသင်းတွေကို အားပေးခွင့်ပိုမိုရှိလာသလို မထင်မှတ်ထားတဲ့အသင်းတွေက ထိပ်တန်းအဆင့်အသင်းကြီးတွေကို အနိုင်ယူသွားဖွယ်ရှိတဲ့ပွဲစဉ်တွေကိုလည်း ယခုနှစ်မှာ ပိုမိုမြင်တွေ့ ရဖွယ်ရှိနေပါတယ်။ အိမ်ရှင်မက္ကဆီကိုအသင်းပါဝင်တဲ့ အုပ်စု (က) မှာ တောင်အာဖရိက၊ တောင်ကိုရီးယားနဲ့ ချက်ဇ်အသင်းတို့ တစ်အုပ်စု တည်း ကျရောက်လျက်ရှိပါတယ်။

တိုက်ကြီးလေးတိုက်က ထိပ်တန်းအသင်းတွေ တွေ့ဆုံနေပြီး မတူ ညီတဲ့ ကစားဟန်တွေနဲ့ အားပြိုင်ကြမှာဖြစ်လို့ စိတ်လှုပ်ရှားစရာ အကောင်းဆုံးအုပ်စုလို့ ဆိုရမှာပါ။ ဒါ့အပြင် မက္ကဆီကိုရဲ့ အမြန်နှုန်း၊ တောင်အာဖရိကရဲ့ တစ်ဦးချင်းစွမ်းရည်၊ ချက်ဇ်ရဲ့ မာကျောတဲ့ ခံစစ် ကျောက်ဆောင်၊ တောင်ကိုရီးယားရဲ့ မလျှော့တဲ့စွဲတို့က အုပ်စု (က) ကို ထူးခြားတဲ့ အားပြိုင်မှုတွေ ဖြစ်လာစေမှာသေချာပါတယ်။

## မက္ကဆီကို (ကမ္ဘာ့အဆင့် – ၁၅)



မက္ကဆီကိုအသင်းက ကမ္ဘာ့ဖလား ပြိုင်ပွဲ (၁၆) ကြိမ်အထိ ဝင်ရောက် ယှဉ်ပြိုင်ခွင့် ရရှိထားပြီး ဖြစ်ပါတယ်။ မက္ကဆီကိုအသင်းက ယခုနှစ်အပါ အဝင် ကမ္ဘာ့ဖလားပြိုင်ပွဲကို သုံးကြိမ် အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိတဲ့ နိုင်ငံအဖြစ် မှတ်တမ်းတင်ထားပါတယ်။ ယခင်အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၁၉၇၀ ပြည့်နှစ်နဲ့ ၁၉၈၆ ခုနှစ် တွေမှာ ကွာတားဖိုင်နယ်အဆင့်အထိ အမြင့်ဆုံး တက်ရောက်ထား နိုင်ပါတယ်။


မက္ကဆီကိုအနေနဲ့ အိမ်ရှင်ဖြစ်တဲ့အတွက် ပရိသတ်တွေရဲ့ အားပေးမှု ကို တစ်ခဲနက် ရရှိမှာဖြစ်ပေမယ့် တစ်ဖက်မှာလည်း အဖွင့်မျက်နှာပန်း လှရေး မဖြစ်မနေနိုင်ရမယ်ဆိုတဲ့ ကြီးမားတဲ့ ဖိအားကို ဖြစ်စေပါ တယ်။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ တောင်အာဖရိကလိုအသင်းမျိုးကို ရှုံးကန်ရရင် ကျန်တဲ့ပွဲစဉ်တွေက မက္ကဆီကိုအတွက် နောက်တစ်ဆင့် တက်ရေး အမှားခံလို့မရတဲ့ ဖိအားတွေအောက် ကျရောက်သွားနိုင် တယ်။

**မက္ကဆီကိုအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ အကျဉ်းချုပ်**

| အကြောင်းအရာ | အချက်အလက် |
|---|---|
| ပါဝင်ခွင့်ရသည့် အကြိမ်ရေ | ၁၆ ကြိမ် (၁၉၃၀– ၂၀၂၂) |
| ကွာတားဖိုင်နယ် တက်ရောက်မှု | ၂ ကြိမ် (၁၉၇၀၊ ၁၉၈၆) |

■ မိုးဇက်

## တောင်အာဖရိက (ကမ္ဘာ့အဆင့် – ၆၀)



တောင်အာဖရိကအသင်းက ယခုနှစ် ၂၀၂၆ ခုနှစ်အပါအဝင် ကမ္ဘာ့ဖလား ပြိုင်ပွဲကို လေးကြိမ်မြောက် ဝင် ရောက်ယှဉ်ပြိုင်ခွင့်ရရှိတဲ့ အသင်း ဖြစ်ပါတယ်။ တောင်အာဖရိက အသင်းအနေနဲ့ ၁၉၉၈ ပြင်သစ်ကမ္ဘာ့ ဖလားမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံး အကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါတယ်။ အိမ်ရှင်ပြင်သစ်ကို သုံးဂိုး ပြတ်ရှုံးနိမ့်ပြီး ဒိန်းမတ်နဲ့ ဆော်ဒီအာရေဗျကို သရေကစားနိုင်ခဲ့ပေမယ့် အုပ်စုအဆင့်နဲ့တင် ကျေနပ်ခဲ့ရပါတယ်။

၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒုတိယအကြိမ်မြောက် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိပြီး ဆလိုဗေးနီးယားကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားနိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သော်ငြား အုပ်စုတွင်း ပွဲစဉ်တွေပြီးဆုံးချိန်မှာ ရမှတ် လေးမှတ်သာ စုဆောင်းရရှိခဲ့တာကြောင့် နောက်တစ်ဆင့် တက်လှမ်းခွင့် လွဲချော်ခဲ့ပါတယ်။

တောင်အာဖရိကအသင်းအနေနဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ပါတယ်။ နာမည်ကြီး ပြင်သစ်ကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပေမယ့် ဥရုဂွေးကို ရှုံးနိမ့်ပြီး မက္ကဆီကိုအသင်းကို သရေကျခဲ့တာကြောင့် ရမှတ် လေးမှတ်သာရရှိခဲ့ပြီး အုပ်စုအဆင့်နဲ့တင် ထပ်မံကျေနပ်ခဲ့ရပါတယ်။

တောင်အာဖရိကအသင်းဟာ အာဖရိကတိုက်မှာ အင်အားအကြီး ဆုံး အသင်းတွေထဲက တစ်သင်းဖြစ်တာကြောင့် ယခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲမှာ အုပ်စုအဆင့်ကို ကျော်ဖြတ်ပြီး သမိုင်းမှတ်တိုင်သစ် ရေးထိုး သွားနိုင်မလား စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။


**တောင်အာဖရိကအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ အကျဉ်းချုပ်**

| အကြောင်းအရာ | အချက်အလက် |
|---|---|
| ပါဝင်ခွင့်ရသည့် အကြိမ်ရေ | ၃ ကြိမ် (၁၉၉၈၊ ၂၀၀၂၊ ၂၀၁၀) |
| အမြင့်ဆုံးတက်ရောက်မှု | အုပ်စုအဆင့်(၁၉၉၈၊ ၂၀၀၂၊ ၂၀၁၀) |

**အုပ်စု (က)**

| | |
|---|---|
| ၁။ | မက္ကဆီကို (အိမ်ရှင်) |
| ၂။ | တောင်အာဖရိက |
| ၃။ | တောင်ကိုရီးယား |
| ၄။ | ချက်ဇ် |

## တောင်ကိုရီးယား (ကမ္ဘာ့အဆင့် – ၂၅)



တောင်ကိုရီးယားအသင်းက ဂျပန်နိုင်ငံ နဲ့ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပ တဲ့ ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆီမီး ဖိုင်နယ်အဆင့်အထိ အမြင့်ဆုံး တက် လှမ်းထားနိုင်တဲ့အသင်း ဖြစ်တယ်။ ဒါ့အပြင် တောင်ကိုရီးယားအသင်း အနေ နဲ့ ၁၉၈၆ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ စုစုပေါင်း ၁၁ ကြိမ် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ထားပါတယ်။ ဒါဟာ အာရှနိုင်ငံတွေထဲမှာ ကမ္ဘာ့ဖလားဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့ အများဆုံး စံချိန် ဖြစ်ပါတယ်။ ဒါ့အပြင် တောင်ကိုရီးယားနိုင်ငံအနေနဲ့ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၂၂ ခုနှစ်တွေမှာ အုပ်စုအဆင့်ကို ကျော်ဖြတ်ပြီး ၁၆ သင်း အဆင့်အထိလည်း တက်လှမ်းထားပါတယ်။


တောင်ကိုရီးယားအသင်းရဲ့ ဂန္ထဝင်ကစားသမား ပတ်ဂျီဆန်က ၂၀၀၂ ခုနှစ်၊ ၂၀၀၆ ခုနှစ်နဲ့ ၂၀၁၀ ပြည့်နှစ်တွေမှာ ကမ္ဘာ့ဖလားသုံးကြိမ် ဆက်တိုက်ဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းတင်ထားပါတယ်။ တောင်ကို ရီးယားအသင်းသမိုင်းမှာ ကမ္ဘာ့ဖလားဂိုးအများဆုံး သွင်းယူထားသူများ အဖြစ် ဆွန်ဟောင်မင်၊ ပတ်ဂျီဆန်နဲ့ အန်ဂျောင်ဟွမ်းတို့က သုံးဂိုးစီနဲ့ ပူးတွဲစံချိန်တင်ထားပါတယ်။

တောင်ကိုရီးယားအသင်းက အာရှတိုက်ရဲ့ ထိပ်တန်းအသင်းကြီး တစ်သင်းဖြစ်ပြီး ဆွန်ဟောင်မင်၊ ဟွမ်ဟီချန်း၊ ကင်မင်ဂျေးတို့လို ကမ္ဘာ့ အဆင့်ထိပ်တန်းကစားသမားတွေ ပိုင်ဆိုင်ထားပါတယ်။ တောင်ကို ရီးယားအသင်းက ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မှာ ချက်ဇ်အသင်းနဲ့ ယှဉ်ပြိုင် ကစားသွားရမှာ ဖြစ်ပါတယ်။

**တောင်ကိုရီးယားအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ အကျဉ်းချုပ်**

| အကြောင်းအရာ | အချက်အလက် |
|---|---|
| ပါဝင်ခွင့်ရသည့် အကြိမ်ရေ | ၁၁ ကြိမ် (၁၉၅၄၊ ၁၉၈၆–၂၀၂၂) |
| အမြင့်ဆုံးရလဒ် | စတုတ္ထနေရာ (၂၀၀၂) |
| ၁၆ သင်းအဆင့် တက်ရောက်မှု | ၃ ကြိမ် (၂၀၀၂၊ ၂၀၁၀၊ ၂၀၂၂) |

## ချက်ဇ် (ကမ္ဘာ့အဆင့် – ၄၁)



ချက်ဇ်အသင်းက ယခင်ချက်ကိုစလို ဗက်ကီးယားအဖြစ် တည်ရှိစဉ်က အောင်မြင်မှုတွေနဲ့ ဆက်နွှယ်လျက် ရှိပါတယ်။ ၁၉၃၀–၁၉၉၄ ခုနှစ်အထိ ချက်ကိုစလိုဗက်ကီးယားအဖြစ် တည် ရှိစဉ်က ကမ္ဘာ့အင်အားကြီးအသင်း တစ်သင်းအဖြစ် ရှိခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှစ်ကြိမ်အထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားပါတယ်။ ယင်းရှစ်ကြိမ် အတွင်းမှာ ဒုတိယနှစ်ကြိမ်ရရှိတဲ့အထိ အောင်မြင်မှု ရရှိထားတယ်။ ၁၉၃၈ ခုနှစ်နဲ့ ၁၉၉၀ ပြည့်နှစ်မှာ ကွာတားဖိုင်နယ်အဆင့်အထိ တက် လှမ်းထားပါတယ်။

၁၉၉၈ ခုနှစ်နောက်ပိုင်းမှာ ချက်ဇ်အမည်နဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေ ကို ယှဉ်ပြိုင်လာခဲ့ပါတယ်။ ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပထမဆုံး အကြိမ် ခြေစစ်ပွဲအောင်မြင်ခဲ့ပါတယ်။ အမေရိကန်ကို သုံးဂိုးပြတ် အနိုင်ယူနိုင်ခဲ့ပေမယ့် ဂါနာနဲ့ အီတလီကို ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စု အဆင့်နဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ ဒါကြောင့် နှစ်ပေါင်း ၂၀ အကြာမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို တစ်ကျော့ပြန်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာ ကြောင့် အုပ်စုအဆင့်က ကျော်ဖြတ်ပြီး ဘယ်အဆင့်အထိ တက်လှမ်း သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ချက်ဇ်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ အကျဉ်းချုပ်**

| အကြောင်းအရာ | အချက်အလက် |
|---|---|
| ပါဝင်ခွင့်ရသည့် အကြိမ်ရေ (ချက်ကိုစလိုဗက်ကီးယား) | ၈ ကြိမ် (၁၉၃၀–၁၉၉၄) |
| အမြင့်ဆုံးရလဒ် | ဒုတိယ ၂ ကြိမ် (၁၉၃၄၊ ၁၉၆၂) |
| ပါဝင်ခွင့်ရသည့် အကြိမ်ရေ (ချက်ဇ်) | ၁ ကြိမ် (၂၀၀၆) |

**ကမ္ဘာ့ဖလားပြိုင်ပွဲ**

| ၁၂-၆-၂၀၂၆ | | | သောကြာနေ့ |
|---|---|---|---|
| မက္ကဆီကို | VS | တောင်အာဖရိက | နံနက် ၁း၃၀ |

| ၁၂-၆-၂၀၂၆ | | | သောကြာနေ့ |
|---|---|---|---|
| တောင်ကိုရီးယား | VS | ချက်ဇ် | နံနက် ၈း၃၀ |

## မုဒုံမြို့၌ ကျောင်းအဆောက်အအုံပန္နက်တင်မင်္ဂလာနှင့် ဘက်စုံသုံးခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်

မုဒုံ မေ ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ် အထက (ကော့ပရံ) ကျောင်းရှိ ဟောခန်းသစ်အဆောက်အအုံ ပန္နက်တင်အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေး၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌ မင်းအောင်မြင့်၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာကို ပန္နက်တင်အုတ်မြစ်ချ၍အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် မုဒုံမြို့နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အမက(မုဒုံဦး) ဘက်စုံသုံး ခန်းမဆောင်သစ်လွှဲပြောင်းပွဲကိုကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် အလှူရှင် ဦးသန်းအောင်တို့က ဘက်စုံသုံး ခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ရာမည(ပြန်/ဆက်)



## ခန္တီးမြို့၌ တိုင်းရင်းကြက် မွေးမြူရေးထုတ်လုပ်ရေး သင်တန်းဖွင့်

ခန္တီး မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ ရက်(၁၀၀)အတွင်း လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဖြစ်သည့် တိုင်းရင်းကြက်မွေးမြူရေးထုတ်လုပ်ရေးသင်တန်းကို မေ ၈ ရက်က စတင်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းတွင် ခန္တီးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ခိုင်ထွေးက ကြက်အမျိုးအစားများ၊ ကြက်မွေးမြူမည့်ခြံနေရာ ရွေးချယ်ခြင်းနှင့် ကြက်ခြံဆောက်လုပ်ခြင်း၊ မျိုးစပ်ခြင်းနှင့် မျိုးပွားဆိုင်ရာအချက်အလက်များနှင့်ကာကွယ်ဆေးဆိုင်ရာများကို သင်ကြားပို့ချရာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ မေ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်တာ သင်ကြားပို့ချမည်ဖြစ်သည်။

ကမ်းကီး(ပြန်/ဆက်)



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် မိုးရာသီအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုစစ်ဆေး



မုံရွာ မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်းသည် ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှူး ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် မိုးရာသီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီတွင် တမာနှင့် ဝါးအပါအဝင် အပင် ၃၂၀၀ စုစုပေါင်းပျိုးပင် ၂၀၃၅၀၀ ဖြန့်ဝေစိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ညောင်ဦးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားရောဂါ ကာကွယ်ဆေးထိုးနှံပေး

ညောင်ဦး မေ ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်ချို၊ ညောင်ဦးမြို့နယ် ဦးစီးမှူး ဒေါက်တာ သန္တာအေးနှင့် ဝန်ထမ်းများက တောင်ဘကျေးရွာရှိ တောင်သူ ၆၀ မွေးမြူထားရှိသည့် နွားကောင်ရေ ၁၂၈ ကောင်အား ပေါင်ပုပ် လက်ပုပ်ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းဆိုင်ရာနည်းလမ်းနှင့် ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

ဒီပါလင်း



## ပုလောမြို့နယ်၌ သီးနှံရောနှော စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာပေး သင်တန်းဖွင့်

ပုလော မေ ၁၀

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သီးနှံရောနှော စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းကို မေ ၇ ရက်က ဖွင့်လှစ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသော်ဇင်ထွန်းက ကွမ်းသီးခြံများတွင် ဒူးရင်း၊ ကော်ဖီ၊ ကိုကိုး၊ ဝဥ စသည့်သီးနှံများ ရောနှောစိုက်ပျိုးခြင်းကြောင့် အပိုဝင်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပို့ချသည်။

သင်တန်းကို တောင်သူ ၄၅ ဦး တက်ရောက်သင်ကြားခဲ့ပြီး လာမည့်ဇွန်လတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီပျိုးပင် ရှစ်သောင်း၊ ကိုကိုး ပျိုးပင် ရှစ်ထောင်၊ ဒူးရင်းပင် ၁၀၀၊ ကြက်မောက်ပင် ၁၀၀၊ အုန်းပင် ၅၀၀၊ ကျွဲကောသီး ၁၀၀ ကို တောင်သူများအား အခမဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလော(ပြန်/ဆက်)



## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူ ချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား (၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

### တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## ၂၀၂၆ ခုနှစ် မေလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေ ၁၃ ရက်မှ ၁၇ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေ ၁၈ ရက်မှ ၂၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

